# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 21 February 2023 ၁၁၀၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းနှင့်ပတ်သက်၍ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE အား ဂုဏ်ပြုစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂျပန်ဝန်ကြီးချုပ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ တို့အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်များ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အခမ်းအနားများကို အောင်မြင်စွာ ကျင်းပခဲ့ကာ အခမ်းအနားတက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့်ဂုဏ်ထူးဆောင်ဘွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်တိုင် တစ်ဦးချင်းလက်ရောက် ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ


**အစပျိုးစမ်းသပ်ကာလ (Pilot Project )အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ** စာမျက်နှာ » ၁၀

**မော်တော်ဆိုင်ကယ်အရောင်းပြခန်း(Show Room)တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ** စာမျက်နှာ » ၁၁

**နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ကြရာဝယ်** ဆောင်းပါး စာမျက်နှာ » ၁၂

ကြေးမုံ

# တည်ငြိမ်အေးချမ်းသာယာဝပြောမှုကိုရှေးရှု တိုင်းပြည်ဖွံ့ဖြိုးရေး ပူးပေါင်းပါဝင်

မြန်မာနိုင်ငံသည် နှစ်လိုဖွယ်ရာကောင်းသော သဘာဝပတ်ဝန်းကျင်နှင့် သင့်တင့်မျှတသော ရာသီဥတုကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ အရောင်အသွေးစုံလင်လှသော တိုင်းရင်းသားလူမျိုးစုများသည် သာယာလှပကောင်းမွန်မျှတသည့် ဒေသအသီးသီးတွင် ရှေးပဝေသဏီကတည်းက အေးချမ်းစွာနေထိုင်ခဲ့ကြသည်။ သာယာလှပသည့် ပြည်နယ်ဝန်းကျင်တစ်ခွင် ငြိမ်းချမ်းမှုအပေါင်းနှင့် ထုံမွမ်းထားလျှင် ဖွံ့ဖြိုးဝေဆာသည့် ဒေသတစ်ခုအဖြစ် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိသလို ဒေသခံတိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း မိမိတို့ဒေသ အေးချမ်းသာယာဝပြောရမည်ဟူသည့်ခံယူချက်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်မှသာ မျှော်မှန်းသည့်အတိုင်း အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ သာဓကအားဖြင့် ချင်းပြည်နယ်သည် မြင့်မားသော တောင်တန်းများကြားတွင် တောင်ဇလပ်ပန်းများ အမြဲတစေပွင့်လန်းဝေဆာပြီး အေးချမ်းသာယာကာ တင့်တယ်လှပသည့်ပြည်နယ်ဖြစ်သည်။ ချင်းတိုင်းရင်းသားတို့သည် စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲနေထိုင်ကြပြီး ပြည်ထောင်စုကြီးအပေါ်ကျရောက်လာသည့် အန္တရာယ်ရန်စွယ်များကို မျိုးချစ်စိတ်ဓာတ်ဖြင့် လက်တွဲတွန်းလှန်ခဲ့ကြသည်။

သို့သော် လက်ရှိအချိန်အခါတွင် ချင်းပြည်နယ်ဒေသအချို့အပါအဝင် နိုင်ငံ၏နေရာအချို့၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကိုဖျက်ဆီးခြင်းသည် မိမိဒေသကို မိမိကိုယ်တိုင် ပြန်လည်ဖျက်ဆီးနေခြင်းဖြစ်သည်။ ပင်ကိုအားဖြင့် အေးချမ်းစွာနေထိုင်တတ်သော တိုင်းရင်းသားပြည်သူများကြားတွင် အဖျက်အမှောင့်ပယောဂများ ပူးကပ်စိမ့်ဝင်ပျံ့နှံ့စေခဲ့သည်။ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်နေမည်၊ ဖွံ့ဖြိုးတိုးတက်နေမည်ကို မလိုလားသော ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ နိုင်ငံ့အကျိုးကို ပစ်ပယ်၍ အာဏာရရှိရေးနှင့်ကိုယ်ကျိုးအတ္တရှေ့တန်းတင်ပြီး အလုံးစုံပျက်စီးရေးကို ပြုလုပ်နေသူများကြောင့် သာယာလှပသည့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာဝပြောရေးမှာ အလှမ်းဝေးနေသည်။

ထိုသို့ ပြည်ထောင်စုကြီးအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကို ပျက်စီးစေသည့် အကြောင်းရင်းအမှန်တရားကို သိရှိနားလည်သဘောပေါက်ပြီး ပြည်ထောင်စုကြီးပြိုကွဲအောင် ဖန်တီးလုပ်ဆောင်နေသူများ၊ အဖျက်အမှောင့်ပယောဂများကို ကြံစည်နေသူများ၊ ပြည်နယ်တည်ငြိမ်အေးချမ်းသာယာဝပြောမှုကို ဖျက်ဆီးနေသူများအား သတိမူကြပြီး ဝိုင်းဝန်းတိုက်ဖျက်ကြကာ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ဆောက်မှုအတွက် အရေးကြီးသည့်အချက်များဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ပုံမှန်အခြေအနေသို့ရောက်အောင် ထိန်းသိမ်းမြှင့်တင်ပြီးမှသာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအကျိုးအတွက် ရှေ့ဆက်ရမည့်လုပ်ငန်းတာဝန်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ယူထားရသည့် သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပ ငြိမ်းချမ်းသာယာဝပြောမှုကို ရှေးရှုဆောင်ရွက်နေသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာနှင့်လည်း မိတ်ဝတ်မပျက် ခင်မင်ရင်းနှီးစွာဆက်ဆံလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းတို့က စည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်ဟုခံယူပြီး ယင်းကိုအလေးထားကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်း သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု နှစ်မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၀(ရှမ်း)နှင့် ၁၈/၂၀၂၁ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၀/၂၀၂၂(မန္တလေး)၊ ၄၇/၂၀၂၀(စစ်ကိုင်း)၊ ၄၈/ ၂၀၂၀(စစ်ကိုင်း)၊ ၄၉/၂၀၂၀(စစ်ကိုင်း) နှင့် ၁၆/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာလုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ၂၂-၂-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရာတော်မြို့နယ်၌ ဖြစ်ပွားခဲ့သော ကျောင်းကြိုပို့ယာဉ် မိုင်းခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်တွေရဲ့အနာဂတ်ကို ရိုက်ချိုးနေသည့် အနာဂတ်မဲ့ အကြမ်းဖက်သမားလူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ်- ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၃၂၂ | ၂,၇၃၇,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၃,၅၆၅ | ၁၁,၂၃၉,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၆၉ | ၅၁၇,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၁,၇၁၀ | ၃,၀၂၁,၄၀၀ |
| TMH | ၂,၅၀၀ | ၂,၅၅၀ | ၁၉၀ | ၄၈၄,၁၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၈၂ | ၄၀၁,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၄၃.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၆.၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၀၁၁ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၉၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၉.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၂.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၆.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၉၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်း အမျိုးမျိုးကြောင့် ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားသော် လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံ ပုဂ္ဂိုလ်များရှိခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက သွားရောက်ချီးမြှင့် အပ်နှင်းခြင်း များကို ဆောင်ရွက်ပေးလျက်ရှိ သည်။

**တက်ရောက်**

ယနေ့တွင် ဂုဏ်ထူးဆောင် တံဆိပ်နှင့် အဆောင်အယောင် များ ချီးမြှင့်ခြင်းကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ ဆောင်၌ ပြုလုပ်ရာ အခမ်းအနား သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ၊ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE နှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ စိုးထွဋ်က ဘွဲ့တံဆိပ်ပေးအပ်သည့် အမိန့်များကို ဖတ်ကြားတင်ပြ သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းသာယာဝပြောရေး အတွက် စွမ်းစွမ်းတမံ ပူးပေါင်း ဆောင်ရွက်ခဲ့သောကြောင့် စွမ်း ဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့ သည့် Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE ထံ သီရိပျံချီဘွဲ့တံဆိပ်နှင့် အဆောင် အယောင်ကို လက်ရောက်ချီးမြှင့် အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာ ဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်း ဆောင်ရွက်ခဲ့သော ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိခဲ့သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဟောင်း Mr. Taro Aso အား သရေစည်သူ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့် အပ်နှင်းရာ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ကိုယ်စား လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Taro Aso အား သရေစည်သူ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းရာ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်းကိုယ်စား လက်ခံရယူစဉ်။

- ❖ **အဆွေတော်အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် လာရောက်ဆောင်ရွက်နိုင်ရန်တို့အတွက် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခဲ့**
- ❖ **အဆွေတော်၏ ကြိုးပမ်းခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်**

**ဂုဏ်ပြုစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့် ပတ်သက် ၍ ဂုဏ်ပြုစကားပြောကြားရာတွင် အဆွေတော် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ သည့် မိတ်ဆွေကောင်းတစ်ဦးဖြစ် ကြောင်း၊ ထို့ကြောင့် အဆွေတော် ကို ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းရ သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူ ပါကြောင်းနှင့် အဆွေတော် အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် လာရောက် ဆောင်ရွက်နိုင်ရန် တို့အတွက် အစွမ်းကုန် ဆောင်ရွက်ပေးနိုင်ခဲ့ပါ ကြောင်း၊ အဆွေတော်၏ ကြိုးပမ်း ခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ် အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာ ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက် နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍ မရဘဲ ကမ္ဘာတည်သရွေ့ကျန်ရှိနေ မည်ဖြစ်သဖြင့် ကောင်းမွန်သည့် သမိုင်းကို အတူတကွရေးထိုးကြ ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘွဲ့တံဆိပ်ရရှိသည့်အတွက်လည်း အဆွေတော်၊ အဆွေတော်၏ မိသားစု၊ အဆွေတော်၏ နိုင်ငံတို့ နှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး H.E. Mr. HIDEO WATANABE က ကျေးဇူးတင် စကား ပြန်လည်ပြောကြားရာတွင် အခုကဲ့သို့ဘွဲ့တံဆိပ်ကို ချီးမြှင့် ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူ ပါကြောင်းနှင့် ကျေးဇူးတင်ရှိပါ ကြောင်း၊ ဆက်လက်၍လည်း အနာဂတ်တွင် ယခုဘွဲ့တံဆိပ်နှင့် ကိုက်ညီသည့် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုကို ယခုထက်ပိုမိုတိုးတက် အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း၊ ဝန်ကြီးချုပ်ဟောင်း အတွက် ဂုဏ်ပြုသည့် ဘွဲ့တံဆိပ်ကို ပေးအပ်မှုအတွက်လည်း ကျေးဇူး တင်ရှိပါကြောင်းနှင့် ၎င်းအနေဖြင့် ကိုယ်တိုင် လက်ခံရယူလိုသော် လည်း လက်ရှိအချိန်တွင် ဂျပန် နိုင်ငံ၌ လွှတ်တော်ရွေးကောက်ပွဲ ရှိခြင်းကြောင့် လာရောက်နိုင်ခြင်း မရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း ကျေးဇူး တင်ရှိပါကြောင်းကို အမှာစကား ပါးလိုက်ပါကြောင်း၊ ယခင်အတိတ် က ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံကို ကူညီဆောင်ရွက်မှုများကို ဆန်းစစ် ၍ ယခုအချိန်တွင်လည်း ဆက်လက်ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ တပ်မတော်၏ ရပ်တည်မှုအတွက် မိမိ အသက်ရှင်သန်နေသည့် အချိန်အထိ ရာသက်ပန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ Japan-Myanmar Association Chairman နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးတွန်းအားပေးမယ့် သုတေသနကောင်းများကို သုတေသီပညာရှင်များ စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်ရွက်နိုင်

## (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )



အားလုံးမင်္ဂလာပါ-

ဒီနေ့ကျင်းပပြုလုပ်တဲ့ **"(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေး ဆိုင်ရာသုတေသနညီလာခံ"** ကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးပညာရှင်များ၊ သုတေသနပညာရှင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

အခုလို ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကာကွယ်ရေးနဲ့ကုသရေးဆိုင်ရာ ပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေဖို့နဲ့ သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမယ့် သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးပြီး အသိပညာဖလှယ်နိုင်စေဖို့စတဲ့ ရည်ရွယ်ချက်များချမှတ်ပြီး ကျင်းပတာဖြစ်ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးကို ၁၉၆၅ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အစောပိုင်းနှစ်တွေမှာ သုတေသနစာတမ်းများအဖြစ်သာ တင်သွင်းဖတ်ကြားဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ပေမယ့် ၁၉၉၁ ခုနှစ်ကစပြီး သုတေသနပိုစတာပြပွဲနဲ့ ၂၀၀၂ ခုနှစ်ကစပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ( Symposium )တွေကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါတယ်။ သုတေသီပညာရှင်များရဲ့ သုတေသနအရည်အသွေးတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး ကြိုးစားယှဉ်ပြိုင်မှုရှိလာစေရေးအတွက် စာတမ်းတွေကို တင်ပြရာမှာ အလေးထား အားထုတ်မှုရှိလာစေဖို့အတွက် ၁၉၉၃ ခုနှစ်ကစပြီး အကောင်းဆုံးစာတမ်းဆုတွေ၊ အကောင်းဆုံးပိုစတာဆုတွေ ချီးမြှင့်ခဲ့ပါတယ်။ မျိုးဆက်သစ်သုတေသီလူငယ်တွေကိုလည်း အားပေးဂုဏ်ပြုနိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ်ကစလို့ လူငယ်သုတေသီဆုချီးမြှင့်ခြင်းကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။

အခု(၅၁)ကြိမ်မြောက် သုတေသနညီလာခံကြီးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ ငါးရက်ကျင်းပမှာဖြစ်ပြီး ညီလာခံကြီးကို ပေးပို့လာတဲ့ သုတေသနစာတမ်းတွေအနက် အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ်သုတေသနစာတမ်းနဲ့ သုတေသနပိုစတာတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီက စနစ်တကျ စိစစ်ရွေးချယ်ဆောင်ရွက်ထားကြောင်းနဲ့ ပိုစတာပြသခြင်းကို In-person ပုံစံနဲ့ စီစဉ်ဆောင်ရွက်ထားတယ်လို့ သိရှိရပါတယ်။ ညီလာခံမှာ သုတေသနစာတမ်း ၅၈ စောင်၊ သုတေသနပိုစတာ ၃၄ စောင် တင်သွင်းဖတ်ကြားပြသကြမှာဖြစ်ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲလေးခုကို ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ ဆွေးနွေးကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။ နိုင်ငံရဲ့ကျန်းမာရေးမြှင့်တင်မှုမှာ ထိရောက်မယ့် ဆောင်ရွက်ချက်များဖြစ်တဲ့အတွက် လေးစားဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ကမ္ဘာကြီးမှာ ကိုဗစ်-၁၉ အပါအဝင် အသစ်ဖြစ်ပေါ်လာတဲ့ ကူးစက်ရောဂါများ (Emerging Infectious Diseases)နဲ့ ကမ္ဘာ့ကပ်ရောဂါ (Pandemics)အများစုဟာ တိရစ္ဆာန်တွေကနေ စတင်အခြေပြုဖြစ်ပေါ်လာတဲ့ ရောဂါများ (Zoonotic Diseases)ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ယခုနှစ်သုတေသနညီလာခံရဲ့ အဓိကသုတေသန ဦးတည်ချက်ခေါင်းစဉ် (Theme) အဖြစ် **"The Fight Against Zoonotic Diseases: A One Health Approach" "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများကို တစ်စုတည်းသော ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့"**လို့ သတ်မှတ်ထားပြီး ၎င်းနဲ့ပတ်သက်တဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ပြည်တွင်း/ပြည်ပ ပညာရှင်များပါဝင်ပြီး အတွေ့အကြုံတွေကို တင်ပြဆွေးနွေးကာ အသိအမြင်ချင်းဖလှယ်မှုတွေ ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် ရလဒ်ကောင်းများ ထွက်ပေါ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

ယနေ့ကမ္ဘာနဲ့တစ်ဝန်း ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေရာမှာ အဆင့်မြင့်မော်လီကျူးဆိုင်ရာ နည်းပညာတွေဟာ ရောဂါကုထုံးများ၊ ဆေးအသစ်ထုတ်ဖော်မှုများအတွက် များစွာအထောက်အကူပေးနေကြောင်း သက်သေသာဓကများစွာကို တွေ့နေရပြီဖြစ်ပါတယ်။ ဒီအချက်ကို တီဘီရောဂါနဲ့ အသည်းရောင်အသားဝါရောဂါတို့အတွက် မီးမောင်းထိုးပြမယ့် **" Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B (တီဘီနှင့် အသည်းရောင်အသားဝါ ဘီရောဂါကုသရေးတွင် မော်လီကျူလာနည်းပညာ၏ လက်တွေ့အသုံးဝင်ခြင်းဆိုင်ရာဆွေးနွေးပွဲ)"**ကို မြန်မာနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့က သုတေသနသိပ္ပံပညာရှင်များက ဆွေးနွေးအသိပညာဖလှယ်မှုများ ပြုလုပ်မယ်လို့ သိရပါတယ်။

ယနေ့အချိန်မှာ ကိုဗစ် – ၁၉ ရောဂါပိုး၊ သွေးလွန်တုပ်ကွေးလို ဗိုင်းရပ်စ်ပိုးများ၊ မျိုးကွဲ၊ မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ရောဂါပြင်းထန်မှုများနဲ့ ကပ်ရောဂါအသွင်ဖြစ်ပွားမှုတွေကို လက်တွေ့ရင်ဆိုင်နေကြရပြီဖြစ်ပါတယ်။ ဒီလိုမျိုးရိုးဗီဇပြောင်းလဲလာမှုတွေကိုလည်း စဉ်ဆက်မပြတ်အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လေ့လာဖို့နဲ့ ကာကွယ်ကုသရေးတို့အတွက် သုတေသနစွမ်းဆောင်ရည် တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်ချက်တွေကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အားပေးသွားမှာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ မကူးစက်တတ်တဲ့ ရောဂါများဖြစ်တဲ့ ကင်ဆာ၊ ဆီးချို၊ သွေးတိုး စတဲ့ရောဂါတွေနဲ့ ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ထိထိရောက်ရောက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါတွေကို ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေလက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာကို ထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက လက်တွေ့အသုံးချ သုတေသန(Implementation Research Grant)တွေအတွက် နှစ်စဉ်သုတေသနထောက်ပံ့ကြေးတွေပေးခဲ့ရာမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သုတေသနအဆိုပြုလွှာ ကနဦးစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးထားတဲ့ သုတေသနစီမံချက် ၁၇၃ ခုအတွက် စုစုပေါင်းရန်ပုံငွေကျပ်သန်းပေါင်း ၆၇၇ ဒသမ ၃ သန်းကို ခွဲဝေထောက်ပံ့ပေးပြီးဖြစ်တာကြောင့် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကို ရှေးရှုပြီး ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမို မြင့်မားလာစေဖို့အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရေးနဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ရောဂါများကူးစက်ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကို သိရှိကာကွယ်နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ဆောင်ရွက်ပေးကြဖို့ လိုပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို သုတေသနကျင့်ဝတ်များနဲ့အညီ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိရတဲ့အချက်များကိုလည်း အခုလိုညီလာခံများ ကျင်းပခြင်း၊ ပြည်တွင်း ပြည်ပသုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီအသိပေးခြင်း၊ သတိပေးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးကြဖို့လည်း အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် ၁၂ ရပ်အနက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ **"နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"** ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

စာမျက်နှာ ၅ သို့ ❖

**"သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါတွေကို ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ဦးစားပေးဆောင်ရွက်ဖို့လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေလက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာကိုထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။"**

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

❖ စာမျက်နှာ ၄ မှ

အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ **“ကောင်းမွန်သော သုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေ ဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာဌာနများတွင် သုတေသနဆောင်ရွက်ရန် အားပေးရမည်”** ဆိုတဲ့ မူဝါဒနဲ့အညီ မိမိတို့နိုင်ငံမှာ အရာရာကိုလေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကိုဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်(Research minded)ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး ဖြစ်ပေါ်တိုးတက်လာနိုင်ဖို့ ငယ်စဉ်ကျောင်းသားဘဝကတည်းက သုတေသနပြုလုပ်လိုတဲ့ ဝါသနာ အလေ့အကျင့်ပါလာအောင် ပျိုးထောင်နိုင်ဖို့အတွက် ယခုလိုကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများ စဉ်ဆက်မပြတ် ကျင်းပပေးနေဖို့ လိုအပ်ပါတယ်။

တစ်ချိန်တည်းမှာ အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ **“ကျန်းမာရေးသုတေသနနှင့် သင်ကြားရေးဆိုင်ရာဌာနများတွင် ကောင်းစွာသက်ဝင်လှုပ်ရှားနေသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သုတေသနဆောင်ရွက်မှု စနစ်တစ်ရပ်ထူထောင်ရမည်”** ဆိုတဲ့အချက်ကိုလည်း လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သုတေသနပြုလုပ်မယ့်သုတေသီတွေအနေနဲ့ မိမိတို့လုပ်ဆောင်တဲ့သုတေသနတွေဟာ မှန်ကန်တိကျပြီး မိမိတို့ သုတေသနပြုလုပ်တဲ့ လူနာတွေ၊ ပြည်သူတွေအတွက် ကောင်းကျိုးကိုသာဖြစ်စေမယ်ဆိုတဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ရှိတဲ့ ကျင့်ဝတ်နဲ့ညီတဲ့ သုတေသန (Responsible Conduct of Research) များသာဖြစ်ရမယ်ဆိုတာကို စွဲစွဲမြဲမြဲ သိရှိလိုက်နာဆောင်ရွက်ပေးဖို့ အထူးအရေးကြီးလှပါတယ်။

ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ဖို့ လုပ်ငန်းတာဝန်တွေ သတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရတဲ့အတွက်ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီဝင်များအားလုံး စာတမ်း၊ ပိုစတာများဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွေမှာ ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပ ပညာရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနဲ့ မှတ်တမ်းတင် ချီးကျူးပါကြောင်း အလေးထား ထည့်သွင်းပြောကြားလိုပါတယ်။

**နိဂုံးချုပ်အနေနဲ့-**

- ယခုကျင်းပတဲ့ (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးမှာတင်ပြတဲ့ သုတေသနစာတမ်းများ၊ သုတေသန ပိုစတာများနဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ် ဆွေးနွေးပွဲများကနေ သုတေသနရလဒ်ကောင်းရရှိအောင် တိုင်ပင်ဆွေးနွေးပေးကြပါ။
- ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနဲ့ လူတိုင်းရောဂါဘယကင်းရှင်းရေးကို ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပေးကြပါ။

ဆေးသုတေသနဦးစီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဆေးသုတေသန တွေ့ရှိချက်တွေကို အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသားများ ပိုမိုကျန်းမာလာစေရေးမျှော်မှန်းချက်ကို မျက်ဝါးထင်ထင် အကောင်အထည်ဖော်စေနိုင်တဲ့ ( Evidence–based research findings ) များဟာ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြု သုတေသန တွေ့ရှိချက်များဖြစ်တယ်လို့ ယုံကြည်ပါကြောင်းနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးတွန်းအားပေးမယ့် သုတေသနကောင်းများကို သုတေသီပညာရှင်များ စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## “(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ”ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

“(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် နံနက် ၈ နာရီခွဲတွင် ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းကို စာမျက်နှာ(၄)တွင် ဖော်ပြထားသည်။)**




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားအောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ညီလာခံသည် မြန်မာ့ဆေးပညာလောကအတွက် အစဉ်အလာကြီးမားသည့် ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖြစ်၍ ထူးချွန်သော မြန်မာ့ကျန်းမာရေးသုတေသီတို့အတွက် ဂုဏ်ယူပါကြောင်း၊ ယခုနှစ်ညီလာခံ၏ အဓိက ဦးတည်ချက်ခေါင်းစဉ် (Theme) အဖြစ် “The Fight Against Zoonotic Diseases: A One Health Approach” “တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့” ဟု သတ်မှတ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေသဖြင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ သုတေသနများ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့် ပြည်သူလူထုအတွက် အကျိုးရှိမည့် ကျန်းမာရေးသုတေသနများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သုတေသနစာတမ်းရှင်များအနေဖြင့် ကျန်းမာရေးအသိပညာဖလှယ်မှု(Knowledge Sharing & Management) ပိုမိုခိုင်မာ ကျယ်ပြန့်လာစေရန် ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနတွေ့ရှိချက်များကို ဖော်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တပ်မတော်ဆေးသုတေသနတပ်မှ တာဝန်ရှိသူများက သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မုံရွာမြို့နယ်အတွင်းရှိ ဆရာ ဆရာမများ၊ မုံရွာတပ်နယ်ရှိ မိသားစုဝင်များအား တွေ့ဆုံ၊ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ရောက်ရှိနေကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မုံရွာမြို့နယ် တက္ကသိုလ်၊ ကောလိပ်အသီးသီးနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ တွေ့ဆုံသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မုံရွာ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ မြန်မာနိုင်ငံအတွက် အာဆီယံသဘောတူညီချက်(၅)ရပ်အပေါ် လက်ရှိ ဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအားစားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ မုံရွာတပ်နယ်မှ မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး တပ်နယ် မိသားစုများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော တပ်မတော်သားများ၊တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (ပထမနေ့) စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(ပထမနေ့) စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ညီလာခံပထမနေ့ စာတမ်းဖတ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

စာတမ်းဖတ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ဝင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Myancopharm)၏ လုံခြုံစိတ်ချရမှုနှင့် ကာကွယ်ဆေး အကျိုးအာနိသင်ထိရောက်မှုဆိုင်ရာစာတမ်းကို လည်းကောင်း၊ ဒေါက်တာပြည့်ဖြိုးအောင်က Thalassemia သွေးရောဂါလူနာများတွင် သွေးတွင်းသံဓာတ်ပမာဏနှင့် နှလုံးပျက်စီးခြင်း ဆက်စပ်မှုစာတမ်းကိုလည်းကောင်း၊ ဒေါက်တာဟိန်းမြတ်စိုးက နာတာရှည် ကျောက်ကပ်ရောဂါလူနာများတွင် သွေးတွင်း Uric Acid ပမာဏနှင့် နှလုံးကြီးခြင်းဆက်စပ်မှုကိုလည်းကောင်း၊ ဒေါက်တာညီမင်းထက်က ဆီးချိုရောဂါလူနာများတွင် သွေးတွင်းသကြားဓာတ်ပမာဏနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်း ဆက်စပ်မှုစာတမ်းကို လည်းကောင်း၊ ဒေါက်တာဖြိုးသီဟက အသည်းအဆီဖုံးခြင်းနှင့် သိုင်းရွိုက်ပုံမမှန်ခြင်း ဆက်စပ်မှုစာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ညီလာခံသဘာပတိ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက်ပိုင်း စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ၈ စောင်၊



ပိုစတာစာတမ်း ၃၄ စောင် စုစုပေါင်းစာတမ်း ၉၂ စောင် တင်သွင်းဖတ်ကြား ပြသသွားမည်ဖြစ်ပြီး ညီလာခံသို့ တင်သွင်းလာသည့် စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန(Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန(Health Systems Research) စာတမ်းဆုများ၊ ပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် တောင်ကိုရီးယားနိုင်ငံ Pusan National University နှင့် ဂျပန်နိုင်ငံ Miyazaki University တို့မှ ပညာရှင်များက လူကိုယ်တိုင် တက်ရောက်၍ လည်းကောင်း၊ အမေရိကန်နိုင်ငံ University of California Davis မှ အွန်လိုင်းဖြင့် တက်ရောက်၍ လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို မန္တလေးမြို့ မဟာမုနိဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ကြည့်ရှုပြီး မြို့တော်ခန်းမ၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံနှုတ်ဆက်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ မြို့တော်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံကာ အမှတ်တရစာအုပ်များနှင့် လက်ဆွဲအိတ်များ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ မြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

## လိုက်လံကြည့်ရှု

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် အဖွဲ့သည် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ ပိဋကတ်ပြတိုက် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းတွင် ပြတိုက်အတွင်း၊ အပြင် နံရံ၊ မျက်နှာကြက်နှင့် ကျွန်းပါကေး ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ဆေးအချောသုတ်ရန် ကျန်ရှိကြောင်း၊ လေအေးပေးစက်နှင့် မီးပိုင်းဆိုင်ရာများ တပ်ဆင်ပြီး စမ်းသပ်စစ်ဆေးရန် ကျန်ရှိကြောင်း၊ ပြတိုက်အတွင်း ထားရှိမည့် ကျွန်းဗီရို ၂၁ လုံးအနက် ၁၉ လုံးနှင့် ကျွန်းခုံ ခြောက်ခုံအနက် လေးခုံပြီးစီးနေသဖြင့် ဆေးသုတ်လုပ်ငန်း ဆောင်ရွက်နေကြောင်း၊ ပြတိုက်အတွင်း ခင်းကျင်းပြသမည့် ပေ၊ ပုရပိုက်၊ ကမ္မဝါ ၃၀ အား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် အဖွဲ့သည် မန္တလေးမြို့ မြို့တော်ခန်းမတွင် မြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကိုက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် မိမိနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ကို အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ် ထားပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သင့်တင့်ကောင်းမွန်သော အခြေအနေတစ်ရပ်ကို ရရှိခဲ့ပြီးဖြစ်၍ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ကျောင်းများအပ်နှံချိန်တွင် ဆရာ၊ မိဘနှင့် ကျောင်းသား ကျောင်းသူများ ပေါင်းစပ်ဆောင်ရွက်မှုဖြင့် ကျောင်းအပ်နှံ/ တက်ရောက်မှု မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်းနှင့် ကျောင်းအပ်နှံရန် ပျက်ကွက်မှုများအပေါ်တွင်လည်း အသေးစိတ်စိစစ်ပြီး သက်မွေးအတတ်ပညာသင်ကျောင်းများသို့ မပျက်မကွက် အပ်နှံသင်ယူနိုင်ရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က နှုတ်ခွန်းဆက်စကားနှင့် ပညာရည်မြင့်မားတိုးတက်ရေးအတွက် မှာကြားကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို နေ့စဉ်မှတ်တမ်းစာအုပ်များနှင့် လက်ဆွဲအိတ်များ ပေးအပ်ရာ တက္ကသိုလ်ကျောင်းများမှ ကိုယ်စားလှယ်များက လက်ခံရယူကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က နေ့စဉ် မှတ်တမ်းစာအုပ်များနှင့် လက်ဆွဲအိတ်များ ပေးအပ်ရာ တက္ကသိုလ်ကျောင်းများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများကိုယ်စား ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မိုးသူဇာနှင့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်တို့က ကျေးဇူးတင်စကား ပြောကြားကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်နှင့်မုန့်များ အတူတကွ သုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်




**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသန်းထွန်းတို့က အဖွင့်အမှာစကားနှင့် သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် လယ်ယာသုံး စက်ကိရိယာများကို ကိုင်တွယ် မောင်းနှင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းများကို စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများက စာတွေ့၊လက်တွေ့ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃ ရက်အထိ နှစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်း တို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော် တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဌေးသွင် ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး)၌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက်ရှိ ဆောက်လုပ်ဆဲဖြစ်သော နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (မန္တလေး)၌ ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးလိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၏ အဆောက်အအုံဆောက်လုပ်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန၏ မြေပေါ်နှင့် မြေအောက် နှစ်ထပ်စီခွဲ၍ ဆောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အဆောက်အအုံကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်ရှိ မြေဧရိယာ ခြောက်ဧကပေါ်တွင် ၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက်က စတင်ပန္နက်တင်၍ ၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်တွင် I-Green Development & Engineering Group က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံအရွယ်အစားမှာ ပေ ၃၅၀x၂၅၀x၁၀၀ ဖြစ်ပြီး မြေအောက်တွင်နှစ်ထပ်နှင့် မြေပေါ်တွင်နှစ်ထပ်ပါရှိသော Steel Structure အဆောက်အအုံ အမျိုးအစားဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၈ ခုနှစ်အတွင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့သော်လည်း ပြန်လည်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် လက်ရှိအခြေအနေအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမပြုမီ လုပ်ငန်းအား ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအဆောက်အအုံ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးနိုင်ရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## "မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ အရွေ့နှင့်သမိုင်းအမြင်"သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ အရွေ့နှင့်သမိုင်းအမြင်" သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း) ဦးခင်အောင်မြင့်နှင့် ဧည့်သည်တော်များ၊ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှုသည် သမိုင်းမတင်မီခေတ် ရှေးနှစ်ပေါင်းများစွာကတည်းက စတင်ဖြစ်ပေါ် ထွန်းကားလာသည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်နယ်မြေများနှင့် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ခေတ်အဆက်ဆက်၊ ရာစုအဆက်ဆက် ရွေ့လျားဖြတ်သန်းနေထိုင်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီလည်း ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေများ ရွေ့လျားပြောင်းလဲလာသည်နှင့်အမျှ လူသားတို့၏ ပြောဆိုနေထိုင် လုပ်ကိုင်ကြံစည်တွေးခေါ်ယူဆမှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ ဂီတ၊ အက၊ အနုပညာ၊ လက်မှုပညာ၊ ကိုးကွယ်ယုံကြည်မှုစသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများသည်လည်း အတိုး၊ အဆုတ် ရွေ့လျားမှုရှိလာပြီး ထိုအရွေ့၏ အဓိကအကျဆုံးမှာ လူများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အရွေ့ဆိုသည်မှာ ပြောင်းလဲခြင်းပင်ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ခေတ်ကာလ မည်မျှဖြတ်သန်းခဲ့သည်ဖြစ်စေ၊ ရွေ့လျားလာသည်ဖြစ်ပါစေ အနှစ်သာရအနေဖြင့် ပြောင်းလဲမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုသို့အနှစ်သာရ မပြောင်းလဲမှုသည် လူများကြောင့်ပင်ဖြစ်ပါကြောင်း၊ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်မည်" ဆိုသည့် စကားရပ်ကို တိုင်းရင်းသားများက နားလည်လက်ခံ၍ အရွေ့မည်မျှရှိနေစေကာမူ အနှစ်သာရပိုင်းအနေဖြင့် ပျောက်ပျက်မသွားစေရန် မိမိတို့၏သတိပညာဖြင့် စောင့်ကြည့်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သုတေသနစာတမ်းဖတ်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နံနက်ပိုင်းစာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ဆွေညွန့်၊ 



တွဲဖက်ပါမောက္ခ ဒေါက်တာထက်ထက်ခိုင်၊ နည်းပြ မြတ်နိုးအိမ်တို့ပူးပေါင်းပြီး ကွင်းဆင်းမေးမြန်းလေ့လာထားသည့် "မန္တလေးရှိ ရွှေဆိုင်းလုပ်ငန်းကိုလေ့လာခြင်း" စာတမ်းကို ဖတ်ကြားဆွေးနွေးရာ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက သဘာပတိအဖြစ်လည်းကောင်း၊ မွန်းလွဲပိုင်းစာတမ်းဖတ်ကြားခြင်း အစီအစဉ်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မွန်သီရိစိုးက "မြန်မာလူမျိုးတို့၏လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာဓလေ့" စာတမ်းကို ဖတ်ကြားဆွေးနွေးရာ မြန်မာသမိုင်းအဖွဲ့၊ အချိန်ပိုင်းအဖွဲ့ဝင် ဦးကျော်စိုးက သဘာပတိအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်သီတာက "ရေစက်ချခြင်းဓလေ့" စာတမ်းအား ဖတ်ကြားဆွေးနွေးရာ မြန်မာသမိုင်းအဖွဲ့၊ အချိန်ပိုင်းအဖွဲ့ဝင် ဦးတင်ခြံက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ကြကာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက အကြံပြုလိုသည်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက "မန္တလေးရှိ ရွှေဆိုင်းလုပ်ငန်းကိုလေ့လာခြင်း" စာတမ်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းနိုင်အောင် နှိုးဆော်လိုက်သည်ဟု ယူဆပါကြောင်း၊ ဒုတိယစာတမ်းရှင်ဖတ်ကြားသည့် "မြန်မာတို့၏ ထိမ်းမြားလက်ထပ်ပုံ" စာတမ်းသည် ခေတ်ကာလအရွေ့နှင့်အတူ ကွာခြားသွားသည်ကို တွေ့ရသည့်အတွက် မြန်မာနိုင်ငံတွင်ရှိသည့် တိုင်းရင်းသားများ၏ ထိမ်းမြားမင်္ဂလာဓလေ့ထုံးစံများကို ဆက်လက်သုတေသနပြုရန် တိုက်တွန်းလိုပါကြောင်းနှင့် နောက်ဆုံးစာတမ်းရှင်၏ "ရေစက်ချခြင်းဓလေ့" ပြောင်းလဲလာပုံများကို ဘာသာရေးအကြောင်း အနည်းငယ်နှင့် သမိုင်းကိုနွှယ်ပြီး ပုံများဖြင့် တင်ပြထားသည့် စာတမ်းများကို နားထောင်ရခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှု၏ အရေးကြီးသည့် ကိစ္စများကို သိရှိရသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားပြီး သဘာပတိနှင့် စာတမ်းရှင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မွေ့ဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)၊ အမှတ်(၃၄)အကြီးစားစက်ရုံ (သာယာဝတီ)နှင့် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ရေးအတွက် ဆေးဝါးသုံးမြင်းများနှင့် မြွေများမွေးမြူထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် ကျန်းမာကြံ့ခိုင်ပြီး ရောဂါကင်းစင်သည့် ဆေးဝါးသုံးမြင်းများဖြစ်အောင် အထူးဂရုပြုဆောင်ရွက်ရန်၊ မွေးမြူထားသည့် မြင်းတစ်ကောင်ချင်းစီအတွက် လိုအပ်သည့် အစာအာဟာရ၊ ဗီတာမင်များ ပြည့်စုံမှုရှိစေရေး စနစ်တကျ တွက်ချက်ကျွေးမွေးရန်၊ မြင်းများအား နေ့စဉ်ကျွေးမွေးလျက်ရှိသည့် အစာစိမ်းများ အချိန်မီရရှိအောင် စီမံဆောင်ရွက်ရန်၊ မြင်းများထားရှိသည့် ခြံများကို အမြဲတမ်း သန့်ရှင်းမှုရှိအောင် ဆောင်ရွက်သွားရန်နှင့် အဆိပ်ထုတ်ယူမည့် မြွေများကို စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားသည်။

မြွေဆိပ်ဖြေဆေးထုတ်လုပ်သည့်ဌာနခွဲ(မှော်ဘီ) သည် မြွေဆိပ်ဖြေဆေးနှင့် မေးခိုင်ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လိုအပ်သော သွေးရည်ကြည်များကို ဆေးဝါးသုံးမြင်းများမှ ထုတ်လုပ်ပေးသည့် ဌာနခွဲ တစ်ခုဖြစ်ကြောင်း၊ မြွေပွေးအဆိပ်ဖြေဆေး၊ မြွေဟောက်အဆိပ်ဖြေဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်မည့် မြင်းများကို အုပ်စုခွဲ၍ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ မြွေဆိပ်ထိုးနိုင်ခြင်း၊ သွေးဖောက်ခြင်း၊ ဖြေဆေးအလိုက် ထုတ်ယူရရှိသည့် သွေးများမှ သွေးရည်ကြည်များကို Syphon စနစ်ဖြင့် ခွဲထုတ်ရယူပြီး ဖြေဆေးများထုတ်လုပ်နိုင်ရန် အတွက် (၂-၈)ဒီဂရီ အအေးခန်းမော်တော်ယာဉ်ဖြင့် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ပို့ဆောင်ပေးသည့်ဌာနဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)၌ ပန်းကန်ပြား၊ ပန်းကန်လုံးအမျိုးမျိုးထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်ရန်၊ စက်ရုံရှိ ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေး ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်၊ စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများဖြစ်အောင် အစဉ်အမြဲ လေ့ကျင့်သင်ကြားပေးရန်နှင့် မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်းများ၊ ယန္တရားများအား ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေတောင်မြို့ရှိ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)၌ ဂျပန်နည်းပညာဖြင့် ပိတ်များအားပြုတ်ခြင်း၊ အဖြူချွတ်ခြင်း၊ ဆေးဆိုးခြင်းများ တစ်ပြိုင်တည်းဆောင်ရွက်နိုင်သည့် Jet Dyeing Machine စမ်းသပ်လည်ပတ်နေမှု အခြေအနေနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်အတွက် အထည်အလိပ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး ညီညွတ်စွာဖြင့် မိသားစုလုပ်ငန်းသဖွယ် သဘောထား၍ စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး လိုအပ်သည်များ ဖြည့်တင်းဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

**ရည်ရွယ်ဖွင့်လှစ်**

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က ကော်မရှင်ရုံးအနေဖြင့် ဝန်ထမ်းများ ရုံးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ကွန်ပျူတာကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ခေါ်ယူသည့် သင်တန်းများသို့လည်း ဝန်ထမ်းများ စေလွှတ်တက်ရောက်စေခြင်း၊ ဌာနတွင်း သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ယခု သင်တန်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ ယနေ့ခေတ်သည် Information and Communica-tions Technology ခေတ်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာနည်းပညာမှာ မဖြစ်မနေ သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ရုံးလုပ်ငန်းဆောင်ရွက်သည့်အခါတွင် ရုံးစာရေးသားနည်းမှာ အဓိကပဓာနအကျဆုံးဖြစ်သည့်အတွက် စနစ်ကျသည့်ရုံးလုပ်ငန်း၊ အောင်မြင်ပြီးမြောက်သည့် ရုံးလုပ်ငန်းတစ်ခုဖြစ်စေရန်အတွက် ကွန်ပျူတာမှာ တစ်ထောင့်တစ်နေရာမှ အရေးပါသည့် ကိရိယာတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ နေ့စဉ်ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

**အကျိုးကျေးဇူးများစွာရရှိနိုင်**

မိမိတို့၏ စာရင်းဇယားတွက်ချက်မှုများတွင် ပိုမိုကောင်းမွန်မြန်ဆန်သော စနစ်ကို အသုံးပြုနိုင်လာခြင်း၊ စာရင်းအင်းများ မှန်ကန်မှုရှိခြင်း၊ မြန်ဆန်တိကျသော ဆုံးဖြတ်ချက်များ ချနိုင်ပြီး အချိန်ကုန်သက်သာစွာ တွက်ချက်မှုများ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း၊ ထို့အတွက် သင်တန်းမှရရှိလာမည့် အခြေခံအချက်များမှတစ်ဆင့် ကျွမ်းကျင်ပိုင်နိုင်သော ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်လာအောင် စဉ်ဆက်မပြတ် လေ့လာသွားကြရန် တိုက်တွန်းပြောကြား သည်။

ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)ကို ယနေ့မှ မတ် ၁၄ ရက်အထိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန သတင်း အချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ နည်းပြများက သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တီးတိန်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

တီးတိန် ဖေဖော်ဝါရီ ၂၀

ချင်းပြည်နယ် တီးတိန်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့အခမ်းအနားကို စကောလမ်းရပ်ကွက် ကမ်းဟောက်ခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး သဘာပတိ အဖွဲ့ဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၅)နှစ်မြောက်စိန်ရတုချင်းအမျိုးသားနေ့ သဝဏ်လွှာအား တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပရေးအတွက် အလှူရှင်များနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေနေရာအလှူရှင်အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် ရိုးရာအစားအစာများ၊ ရိုးရာအဝတ်အထည်များ ခင်းကျင်းရောင်းချခြင်း၊ ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ ရိုးရာပုံပြင်ပြောခြင်း၊ ရိုးရာစုပေါင်းအကများဖြင့် ပျော်ရွှင်စွာကျင်းပကြသည်။

အခမ်းအနားသို့ တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့၊ မြို့မိမြို့ဖများ၊ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## အစမ်းစီမံကိန်းကာလ (Pilot Project ) အတွင်း ပြည်ပမှလျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစမ်းစီမံကိန်းကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် အရောင်းပြခန်းဖွင့်လှစ်ခွင့်လက်မှတ် ရရှိထားခြင်းမရှိသေးပါက အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(၁) မြန်မာနိုင်ငံသားက ဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ် (Brand) တစ်ခုစီအတွက် ရောင်းချသည့်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ်သဘောတူစာချုပ် တင်ပြနိုင်သူဖြစ်ရမည်။

(၃) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ခ) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် အစီးအရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ဂ) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရရှိနိုင်မှုနှင့် သုံးစွဲပြီးနောက်ပိုင်း ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်သည့် အစီအစဉ်ထားရှိရမည်။

(ဃ) လျှပ်စစ်သုံးယာဉ် တင်သွင်းရောင်းချမည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာငွေကျပ် သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

(င) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချခွင့်ရသည့် ကုမ္ပဏီသည် တင်သွင်းလာသော ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် လျှောက်ထားရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသော စကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ အကျုံးဝင်ပြီး BEV (Battery Electric Vehicle)ယာဉ်များသာ ဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များအား လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင် လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ မော်တော်ယာဉ် အသစ်များ ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်။

(ဂ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာငွေကျပ် သိန်း (၁၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသုံးမပြုရသေးသော အသစ် (Brand New) ဖြစ်ရမည်။

(င) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိသည့် ခုနှစ်နှင့် ရောက်ရှိသည့် ခုနှစ်၏ တစ်နှစ်အောက်နိမ့်သော မော်ဒယ်နှစ်ဖြစ်ပြီး ဘယ်မောင်းစတီယာရင်ယာဉ်ကိုသာ တင်သွင်းရမည်။

(စ) မော်တော်ယာဉ် အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန်စနစ် (Consignment Basic) အပြင် ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (Letter of Credit - LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer - TT) ဖြင့် တင်သွင်းနိုင်သည်။

(ဆ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်း အရောက်တင်သွင်းရမည်။

(ဇ) မော်တော်ယာဉ် အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး နှစ်စဉ် အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဈ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကိုဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရ။

(ည) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ် ကာလအတွင်း အခြားအခြေခံအချက်များ ပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

(ဋ) မော်တော်ယာဉ်အရောင်းပြခန်းကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်ရမည်။

(ဌ) တင်သွင်းသည့် မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services)များကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်ရမည်။

(ဍ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဎ) မော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(ဏ) မော်တော်ယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းသည် စတုရန်းပေ (၁၄၀၀၀)နှင့် သိုလှောင်ရုံ၏ အကျယ်အဝန်းသည် စတုရန်းပေ (၅၀၀၀) ရှိရမည်။

(တ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ယာဉ်တင်သွင်းခွင့် လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ထ) အရောင်းပြခန်းများမှရောင်းချသည့်မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုသူအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ဒ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များ သို့မဟုတ် လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းခြင်းနှင့် မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

(ဓ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရင်းစာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(န) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၂။ အပိုဒ် ၁ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင်ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှုဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ၊ မော်တော်ဆိုင်ကယ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

(ဂ) လျှပ်စစ်ဆိုင်ကယ်တင်သွင်းမှုများ၌ တပ်ဆင်အသုံးပြုသည့် ဘက်ထရီ (Battery)များ အပါအဝင် အရည်အသွေးပိုင်း ဆိုင်ရာ အာမခံမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများ (After Sale Service) ပေးခြင်း၊ အပိုပစ္စည်းများ (Spare Parts) ပံ့ပိုးပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုစင်တာ (Maintenance & Services Center) များ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖြစ်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

(င) မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ပေးထားသည့် အခွန်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ပုံစံ တင်ပြရမည်။

(စ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း (ရုံးခန်း၊ ဧည့်ခန်းနေရာ) ခန်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုစင်တာ (After Sale Service Center) အပါအဝင်)၏ အကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၅၀၀၀ ရှိရမည်။

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့် အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ် ကာလအတွင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ဆိုင်ကယ် အရောင်းပြခန်းဖွင့်လှစ်ခြင်းသည် မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် ခြောက်လ ယာယီခွင့်ပြုနိုင်သည်။

(ဈ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းရုံးခွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ခွင့်ရယူရမည်။

(ည) မော်တော်ဆိုင်ကယ် အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များသည် အသုံးမပြုရသေးသောအသစ် (Brand New) ဖြစ်ရမည်။

(ဋ) တင်သွင်းလာမည့် မော်တော်ဆိုင်ကယ်များ၏ ထုတ်လုပ်သည့်ခုနှစ် (Model Year) သည် ရောက်ရှိသည့်ခုနှစ်မှ နှစ်နှစ်အတွင်း ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များ ဖြစ်ရမည်။

(ဌ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင်ပြသရောင်းချမည့် မော်တော်ဆိုင်ကယ်များကို တင်သွင်းရာတွင် ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit - LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer - TT) ဖြင့် တင်သွင်းနိုင်သည်။

(ဍ) မော်တော်ဆိုင်ကယ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်း အရောက်တင်သွင်းရမည်။

(ဎ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ဆိုင်ကယ် အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုအပ်ချက်နှင့်အညီ ထုတ်ပြန်သတ်မှတ်သည့်အရေအတွက်နှင့် အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဏ) တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို သတ်မှတ်ထားသော အရောင်းပြခန်းတွင်သာထားရှိရမည်။ ယင်း အရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရမည်။

(တ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ဆိုင်ကယ် တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ထ) မော်တော်ဆိုင်ကယ် အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ဆိုင်ကယ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း၊ စာရင်းဇယား အထောက်အထားစသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဒ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက် ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၂။ အပိုဒ် ၁ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

# တောင်ကုတ်မြို့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သုတဗုဒ္ဓဆရာတော်ကြီး ရှစ်ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျောင်းဆောင်တော်ဖွင့်ပွဲ ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အလွန်ခက်ခဲနက်နဲလှသည့် တရားဒေသနာအစုံ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာများကို အဋ္ဌကထာကျမ်းစာများ၊ ဋီကာကျမ်းစာများနှင့်တကွ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေ ဖြေဆိုအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သုတဗုဒ္ဓ ဆရာတော်ကြီး ရှစ်ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ရှိ မဟာသေနာအခမ္မဲ့ကိုယ်ပိုင် အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ခြောက်ပါးမြောက် ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့မိ/မြို့ဖ ဦးကျော်တောင်က တိပိဋကပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်စကား လျှောက်ထားပြီး တောင်ကုတ်တက္ကသိုလ်မှ ပထမနှစ် သချာ်ာ ကျောင်းသူ တေးသံရှင်မဆုနှင်းထက်က ပိုဒ်စုံရတုတေးထပ်ဖြင့်ပူဇော်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက



ဆရာတော် ရှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ရွတ်ဖတ်ပူဇော်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ရှစ်ပါးနှင့် ပင့်သံဃာတော်များအား ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး တိပိဋကဓရ ရမ္မာဝတီ ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ မဟာသေနာကိုယ်ပိုင် အထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်လှူဒါန်းသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျောင်းဆောင်တော် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်ရှေ့၌ကျင်းပရာ ရမ္မာဝတီ ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ကျောင်းဆောင်တော်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ကြရာဝယ်

ဦးရွှေဦး

**နိုင်ငံရေးပါတီဆိုသည်မှာ “စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံ၍ နိုင်ငံရေးဝါဒသဘောတရားတစ်ရပ်အပေါ်တွင်အခြေခံပြီး မိမိတို့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မရှင်က တည်ထောင်ခွင့်ပြုထားသောအဖွဲ့အစည်း”ကို ဆိုသည်။**

တစ်နည်းအားဖြင့် ‘ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရွယ်ရောက်ပြီးသား နိုင်ငံသားအများစု သို့မဟုတ် အားလုံးကိုစည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်း၏ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များအား ပြည်သူ့ထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ခွင့်ရလာစေရန် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့အစည်း’ ဖြစ်သည်။ နိုင်ငံရေးပါတီ၏အခြားလုပ်ငန်းများအနက် သဘောတရားရေးသင်တန်းပေးခြင်း သို့မဟုတ် နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်များပါဝင်သည့် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံတို့ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ ယေဘုယျအားဖြင့် နိုင်ငံရေးပါတီများတွင် တိကျပြတ်သားသော ‘ခေါင်းဆောင်မှု’၊ ‘အဖွဲ့အစည်းပုံသဏ္ဍာန်’၊ ‘နိုင်ငံရေးသဘောတရား’ သို့မဟုတ် ‘လမ်းစဉ်’ တို့ တည်ရှိသောကြောင့် စနစ်ကျနသောအဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

**ဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀**

လက်ရှိတည်ရှိနေသော နိုင်ငံရေးပါတီများအနေဖြင့် အသစ်ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရပါမည်။ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပါမည်။ နိုင်ငံရေးပါတီအသစ်စတင်တည်ထောင်မည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီတည်ထောင်ခွင့်နှင့် ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားကြရမည်ဖြစ်သည်။

ပါတီဝင်အင်အားနှင့်စပ်လျဉ်း၍ ယခင်ဥပဒေတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့် ပါတီဖြစ်ပါက မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား ၁၀၀၀၊ တိုင်းဒေသကြီး / ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား ၅၀၀ စည်းရုံးရန်ဖြစ်သည်။ ယခုဥပဒေအသစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီဖြစ်ပါက မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား တစ်သိန်း၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား တစ်ထောင် စည်းရုံးရန်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအတွက် ပါတီဝင်အင်အား တစ်သိန်းဆိုသည်မှာ မြို့နယ် ၃၃၀ အတွက် တစ်မြို့နယ်လျှင် ပျမ်းမျှ ၃၀၃ ဦးသာ စည်းရုံးရမည့်သဘောဖြစ်ပြီး တိုင်းဒေသကြီး / ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အားတစ်ထောင်ဆိုသည်မှာ ကယား၊ ကရင်၊ ချင်းပြည်နယ်ကဲ့သို့ လူဦးရေနည်းပါးသည့်ပြည်နယ်များရှိ တိုင်းရင်းသားပါတီများအတွက် သင့်လျော်သောအရေအတွက်ဖြစ်သည်။

ပါတီရန်ပုံငွေစာရင်းနှင့်စပ်လျဉ်း၍ ယခင်ဥပဒေတွင် ထားရှိရမည့်ပါတီရန်ပုံငွေ သတ်မှတ်ချက်မပါရှိသော်လည်း ယခုဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပါတီရန်ပုံငွေစုဆောင်းမှုနှင့်သုံးစွဲမှုစနစ်တကျဖြစ်စေရန်၊ စနစ်တကျစစ်ဆေးခံနိုင်ရန်တို့အတွက် ပါတီတည်ထောင်ခွင့်လျှောက်ထားရာတွင်- ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထားနှင့်အတူ တင်ပြရန်ကိုတွေ့ရှိပါသည်။

**မြို့နယ် ၃၃၀ ၏ထက်ဝက် ၁၆၅ မြို့နယ်**

ပါတီရုံးခန်းများဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က သက်ဆိုင်ရာပါတီများကို ကြီးကြပ်ရန်နှင့် အဆင်ပြေစွာဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ ပါတီများအနေဖြင့်လည်း ပါတီလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်တို့အတွက် ပါတီရုံးခန်းများဖွင့်လှစ်ရန် လိုအပ်သည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးမည်ဖြစ်ပါ၍ မဲဆန္ဒနယ်များကို PR စနစ်ဖြင့် လိုက်လျောညီထွေဖြစ်အောင် သတ်မှတ်ရမည်ဖြစ်သည်။ PR စနစ်ဖြစ်သည့်အတွက် ယခင်မဲဆန္ဒနယ်များ လျော့နည်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအနေဖြင့် မဲဆန္ဒနယ်ထက်ဝက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်မှ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် ပါတီရုံးခန်းများကို မဖြစ်မနေဖွင့်လှစ်ရမည်ဖြစ်သည်။ ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်လျှင် မြို့နယ်အားလုံး၏ထက်ဝက်တွင် ပါတီရုံးခန်းဖွင့်လှစ်ရမည်ဖြစ်သဖြင့် မြို့နယ် ၃၃၀ ၏ထက်ဝက် ၁၆၅ မြို့နယ်တွင် ပါတီရုံးခန်းဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အတွင်း မြို့နယ် ငါး မြို့နယ်တွင် ပါတီရုံးခန်းများဖွင့်လှစ်ရမည်ဖြစ်သည်။

ယခင်ဥပဒေတွင် အနည်းဆုံးမဲဆန္ဒနယ် သုံးနယ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါက ပါတီဖျက်သိမ်းခံရမည်ဖြစ်သည်။ ယခုပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီများက မဲဆန္ဒနယ်အားလုံး၏ထက်ဝက်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲဆန္ဒနယ်တစ်နယ်တွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ပြဋ္ဌာန်းထားသည်။

> **ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်လျှင် မြို့နယ်အားလုံး၏ထက်ဝက်တွင် ပါတီရုံးခန်းဖွင့်လှစ်ရမည်ဖြစ်သဖြင့် မြို့နယ် ၃၃၀ ၏ထက်ဝက် ၁၆၅ မြို့နယ်တွင် ပါတီရုံးခန်းဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်သည်။ တိုင်းဒေသကြီး / ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အတွင်း မြို့နယ် ငါးမြို့နယ်တွင် ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်**

နိုင်ငံရေးပါတီများအနေဖြင့် ပါတီတည်ထောင်ရခြင်းရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်၍ အနိုင်ရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်အတွက်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီများ အလိုက် ရွေးကောက်ပွဲတွင် ထိုက်သင့်သည့် ကိုယ်စားလှယ်လောင်းအရေအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ပါတီရုံးခန်း ငါးရုံးဖွင့်လှစ်**

**အချုပ်ဆိုရလျှင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများအနေဖြင့် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ရှိရမည့်အပြင် ပါတီထူထောင်ရန် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား တစ်သိန်း စုဆောင်းရန်နှင့် ရက်ပေါင်း ၁၈၀ အတွင်း ပါတီရုံးခန်းကို မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်ဖြစ်သည့် ၁၆၅ ရုံး ဖွင့်လှစ်ရမည်ဖြစ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီများသည် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပါတီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစတင်၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ နှင့်ပါတီရုံးခန်း ငါးရုံးဖွင့်လှစ်ရမည်ဖြစ်သည်။ ပါတီများထူထောင်ရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် လွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့များတွင် မိမိတို့ကိုထောက်ခံသည့် ဆန္ဒမဲများအရ ကိုယ်စားလှယ်များပါဝင်လာနိုင်သည်ကို လေ့လာတွေ့ရှိရသည်။**

တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် စည်းရုံးမည့်ပါတီ ၃၂ ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီ ၁၇ ပါတီ စုစုပေါင်း ၄၉ ပါတီရှိသည်။ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းစည်းရုံးမည့် တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီများအနေဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် တစ်သီးပုဂ္ဂလများအနေဖြင့်လည်း သွားရောက်ယှဉ်ပြိုင်နိုင်သည်။

နိုင်ငံရေးပါတီများအနေဖြင့် ခိုင်မာတောင့်တင်းသောပါတီများအဖြစ်ဖွဲ့စည်းနိုင်ရန် မူဝါဒတူညီသောပါတီငယ်များစုစည်း၍ ယခုထက်ပိုမိုကျစ်လျစ်ခိုင်မာစွာ ပေါင်းစပ်ဖွဲ့စည်းပြီး ပြည်သူလူထုအတွင်း ကြီးမားကျယ်ပြန့်စွာစည်းရုံးလျက် စုစုစည်းစည်း ခိုင်ခိုင်မာမာဖြင့် ပြည်သူလူထုနှင့် အေးအတူပူအမျှလက်တွဲပြီး နိုင်ငံတော်ကို ဦးဆောင်နိုင်ရန်လိုအပ်သည်။ အပြောကောင်း အလုပ်ကောင်း မူဝါဒကောင်းကောင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီစံနှုန်းများနှင့်အညီ အားကောင်းမောင်းသန်ဆောင်ရွက်ကြစေလိုပါသည်။

နိုင်ငံရေးပါတီတစ်ခုသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မှတ်ပုံတင်ခွင့်ကို ပယ်ဖျက်ခံရမည်ဖြစ်သည်ကိုလည်း သတိပြုသင့်ပါသည် -

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊
- တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊
- လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊
- ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံပြုသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊
- တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊
- နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊
- နိုင်ငံတော်ပိုင်ငွေကြေး၊ အဆောက်အဦ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်းတွေ့ရှိခြင်း။

နိုင်ငံရေးပါတီတစ်ရပ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိရပါမည်။ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရပါမည်။ ထို့အပြင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံး၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရပါမည်။ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်ကာ နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# မလေးရှားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ဇန်နဝါရီလအတွင်း ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၀**

မလေးရှားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခုနှစ် ဇန်နဝါရီလအတွင်းက ရင်းဂစ် ၁၁၂ ဒသမ ၈၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၆ ဘီလီယံ)တန်ဖိုးရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း တရားဝင်အချက်အလက်များက ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် ပြီးခဲ့သည့်လအတွင်းက ရေနံထုတ်ကုန်များ၊ သဘာဝဓာတ်ငွေ့များ၊ လျှပ်စစ်နှင့် လျှပ်စစ်ထုတ်ကုန်များကို အဓိကတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်းနှင့် ဇန်နဝါရီလအတွင်းက မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် ရင်းဂစ် ၂၀၇ ဒသမ ၅၁ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၏ သွင်းကုန်တန်ဖိုးသည် ဇန်နဝါရီလအတွင်းက ရင်းဂစ် ၉၄ ဒသမ ၆၇ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်



# ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ ဗြိတိန်နိုင်ငံမှပြန်လည်ရရှိ

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ဗြိတိန်နိုင်ငံမှ ရှေးဟောင်းပစ္စည်းများစုဆောင်းသူ Douglas Latchford မိသားစုထံမှ ပြန်လည်လက်ခံရရှိခဲ့ကြောင်း ကမ္ဘောဒီးယားယဉ်ကျေးမှုဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများတွင် သရဖူများ၊ လည်ဆွဲများ၊ လက်ကောက်များ၊ ခါးပတ်များ၊ နားတောင်းများအပါအဝင် ရှေးဟောင်းပစ္စည်း ၇၇ မျိုး ပါဝင်ကြောင်း သိရသည်။ စစ်ပွဲများအတွင်းက လုယက်ခံခဲ့ရသည့် နိုင်ငံ၏ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ယခုအချိန်တွင် ပြန်လည်လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားယဉ်ကျေးမှုဝန်ကြီး Phoeurng Sackona ကပြောကြားသည်။

အထက်ပါ ရှေးဟောင်းပစ္စည်းများအရ ခမာအင်ပါယာ၏ ထင်ရှားကျော်ကြားမှုကို ကမ္ဘာက သိရှိနားလည်စေမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလက်ဝယ်ရှိသည့် ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့် အဖွဲ့အစည်းများအား ကမ္ဘောဒီးယားနိုင်ငံသို့ အဆိုပါပစ္စည်းများအား ပြန်လည်လွှဲပြောင်းပေးအပ်ပါရန် ၎င်းကပန်ကြားခဲ့သည်။ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ပေးအပ်ရန် Douglas Latchford မိသားစုက သဘောတူညီခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# တရုတ်နိုင်ငံ၌ သွားရောက်ပညာသင်ကြားမည့် ပါကစ္စတန်ကျောင်းသားများအား လေယာဉ်လက်မှတ်ခဈေးနှုန်း လျှော့ပေးမည်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၀**

တရုတ်နိုင်ငံ၌ သွားရောက်ပညာသင်ကြားမည့် ပါကစ္စတန်ကျောင်းသားများအား လေယာဉ်လက်မှတ်ခ၏ ၂၇ ရာခိုင်နှုန်း လျှော့ပေးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်လေကြောင်းလိုင်းက ပြောကြားသည်။

ယင်းလေကြောင်းလိုင်းသည် ယမန်နှစ် ဒီဇင်ဘာလအတွင်းကလည်း တရုတ်နိုင်ငံသို့ ပညာသင်ကြားရန် သွားရောက်သည့်ကျောင်းသားများအား လေယာဉ်လက်မှတ်ခ၏ ၂၂ ရာခိုင်နှုန်းကို လျှော့ပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့အထိ ပုံမှန်လေယာဉ်လက်မှတ်ခမှာ ရူပီး ၂၇၂၀၀၀ ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လေယာဉ်လက်မှတ်ခနှုန်းများ ဈေးကြီးနေသည့်အချိန်တွင် လေယာဉ်လက်မှတ်ခများ ဈေးလျှော့ပေးခြင်းဖြင့် မိမိတို့အတွက် အထောက်အကူများစွာဖြစ်ကြောင်း တရုတ်နိုင်ငံသို့ သွားရောက် ပညာသင်ကြားမည့် ပါကစ္စတန်ကျောင်းသားများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

■

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ မီးရှူးမီးပန်းပေါက်ကွဲမှုဖြစ်ပွားပြီး လေးဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဘလီတာမြို့အနီးရှိ ကျေးရွာတစ်ရွာ၌ ယမန်နေ့ညနေပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိကြောင်း ဒေသန္တရရဲတပ်ဖွဲ့က ပြောကြားသည်။



**အိမ်ခြေ ၂၀ ကျော် ထိခိုက်ပျက်စီး**

သေဆုံးသူများမှာ မိသားစုတစ်စုထဲမှ မိသားစုဝင်များဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်အတွင်း အိမ်ခြေ ၂၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း ဘလီတာမြို့ရဲတပ်ဖွဲ့တာဝန်ရှိသူ အာဂို ဝီယိုနိုက ပြောကြားသည်။

အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်လအတွက် မီးရှူးမီးပန်းများပစ်ဖောက်ရာမှ ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က သုံးသပ်ပြောကြားသည်။

လက်ရှိအချိန်တွင် အခင်းဖြစ်အရပ်၌ ဗုံးရှာဖွေရေးအဖွဲ့များက ပေါက်ကွဲပစ္စည်းများ ရှိ၊ မရှိ ထပ်မံစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ



# ဘရာဇီးနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူ ၃၆ ဦးရှိလာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၂၀**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ် အရှေ့တောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်တွင် ဖေဖော်ဝါရီ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၃၆ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ရေကြီးမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူများထဲတွင် အသက်ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးပါဝင်ပြီး အဆိုပါမိန်းကလေးသည် ၎င်းတို့မိသားစုနေထိုင်ရာအိမ်ပေါ်သို့ ကျောက်တုံးများ ပြိုကျခဲ့ခြင်းဖြစ်ကြောင်းနှင့် အမျိုးသမီးတစ်ဦးမှာမူ သစ်ပင်ပြိုလဲ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သော ဒေသများတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်ရန် ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား တောင်းဆိုထားကြောင်း ဆော်ပေါ်လိုပြည်နယ် မြို့တော်ဝန် ဆာစီဆီယိုဒီဖရိုက်တက်စ်က ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လမ်းများပျက်စီးခဲ့ကာ အဝေးပြေးလမ်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# နည်းပညာပိုင်းဖြင့် Bank Account အတွင်းမှ ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေး







**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်း၏ KBZ Bank Account အတွင်းမှ ငွေကျပ်သိန်း ၁၀၂၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ကမာရွတ်မြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်း၏ KBZ Bank Account အတွင်းမှ ငွေကျပ်သိန်း ၃၇၀ ကိုလည်းကောင်း မသမာသူများက Online အသုံးပြု၍ လိမ်လည်ထုတ်ယူသွားကြောင်း အမှုများဖွင့်လှစ် တိုင်ကြားလာသဖြင့် သင်္ဃန်းကျွန်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့ရှိ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုများဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ Bank Account များအတွင်းမှ Online အသုံးပြုကာ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူသူများကို ဖမ်းဆီးရမိနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ သက်ဆိုင်ရာဘဏ်နှင့် ပူးပေါင်း၍ လိမ်လည်ရယူထားသော ငွေကြေးများ စီးဆင်းသွားသည့် Bank Account များကို စုံစမ်းခြင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များအား အခြေပြု၍ ဖော်ထုတ်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ငွေကြေးလိမ်လည် လွှဲပြောင်းရယူရာ၌ အသုံးပြုသည့် Bank Account များကို ဖွင့်လှစ်ရောင်းချခဲ့သည့် တရားခံ အမျိုးသား လေးဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ခြောက်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူတရားခံခြောက်ဦးက ၎င်းတို့အနေဖြင့် Bank Account ဖွင့်လှစ်၍ Account တစ်ခုလျှင် ငွေတစ်သောင်းကျပ်ဖြင့် ငွေကြေးလိမ်လည် လွှဲပြောင်းသူများထံ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် နည်းပညာပိုင်းဖြင့် Bank Account အတွင်းမှ ဆက်သွယ်ရေးကွန်ရက် အသုံးပြု၍ ငွေကြေးလိမ်လည် လွှဲပြောင်းထုတ်ယူသူများ ဖြစ်ကြသည့် နိုင်ဂျီးရီးယားနိုင်ငံသားနှင့် ၎င်း၏ ဇနီးဖြစ်သူ နိုင်ဂျီးရီးယားနိုင်ငံသူတို့နှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Star City အိမ်ရာ အမှတ်(၁၈၀၂) တိုက်(C-4)၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ၊ လိမ်လည်လွှဲပြောင်းထုတ်ယူရာမှရရှိခဲ့သည့် ငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ နိုင်ဂျီးရီးယားနိုင်ငံသားများ၏ ထွက်ဆိုချက်များအရ Bank Account များအတွင်းမှ ငွေကြေးလိမ်လည် လွှဲပြောင်း ထုတ်ယူရာတွင် ပူးပေါင်း ပါဝင်ကျူးလွန်သူများ ဖြစ်ကြသည့် နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦးတို့ကို သန်လျင်မြို့နယ် Star City အိမ်ရာ၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်ချက်များအရ KBZ Pay Account အား လိမ်လည်မည့်သူသည် **စာမျက်နှာ ၁၅ သို့** ❖

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်(အငြိမ်းစား)နှင့် ဇနီး ဒေါ်ချယ်ရီ မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ၊ ဒေသခံပြည်သူစုစုပေါင်း ၇၄၂၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့်တပ်မတော်အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။



**တည်ခင်းဧည့်ခံ**

ဂုဏ်ပြုကြိုဆိုပွဲတွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြား၍ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာ များပေးအပ်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊နှာခေါင်း၊လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုအရာရှိ၊ စစ်သည်များပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျားသွားရောဂါ ခွဲစိတ်ကုသရေးယာဉ်တို့ပါဝင်ကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၆၃ ဦး၊ ခွဲစိတ်ရောဂါ ၅၈၅ ဦး၊ ကလေးရောဂါ ၃၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇၄ ဦး၊ အရိုးရောဂါ ၁၆၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅၁ ဦး၊ မျက်စိရောဂါ ၁၄၈၅ ဦး၊ သွားရောဂါ ၄၀၂ ဦးနှင့် အခြားရောဂါ ၃၆၇ ဦး အပါအဝင် ပြည်သူလူထုစုစုပေါင်း ၇၄၂၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်ကုသမှုလူနာ ၈၀၊ အထွေထွေခွဲစိတ်ကုသမှုလူနာ ၃၇ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၄၉၅ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၅၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှုလူနာ ၇၂၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူ ၂၄၅ ဦးကို တပ်မတော်ဆေးရုံများသို့ စနစ်တကျ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည် ။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၄ မှ

Online ပေါ်မှ တစ်ဆင့် Facebook Account၊ Facebook Page များတွင် KBZ Pay Level အဆင့်မြှင့်ပေးမည့် အကြောင်းအရာ Post များတင်၍ လိမ်လည်ခံရမည့် သူကို ရှာဖွေခြင်း၊ ဖုန်းနံပါတ်များအား KBZ Pay Application တွင် စစ်ဆေးကြည့်ပါက KBZ Pay Account ဖွင့်ထားခြင်းရှိ၊ မရှိ သိနိုင်ပြီး Account ဖွင့်ထားသည့် ဖုန်းနံပါတ်များအား KBZ Bank ၏ KBZ Pay Level မြှင့်ပေးသည့် ဌာနမှ ဝန်ထမ်းပုံစံ အယောင်ဆောင်ဆက်သွယ်ခြင်း၊ KBZ Bank Email Account အတုများဖြင့် KBZ Pay Level မြှင့်ပေးသည့် ဌာနမှ ဝန်ထမ်းပုံစံ အယောင်ဆောင် ဆက်သွယ်ခြင်းစသည့် နည်းလမ်းများဖြင့် လိမ်လည် ခံရမည့်သူများကို ရှာဖွေကြသည်။

လိမ်လည်မည့် သူသည် လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိသည့်အခါ KBZ Pay ကို Level အဆင့်မြှင့်ပေးမည် ဖြစ်ကြောင်း ပြောကြားဆက်သွယ်သည်။ ထို့နောက် လိမ်လည်မည့်သူသည် လိမ်လည်ခံရမည့်သူ၏ဖုန်းနံပါတ်အား KBZ Pay Application တွင် Login ဝင်ပြီး လိမ်လည် ခံရမည့်သူအား ဆက်သွယ်၍ Message ထဲသို့ OTP ရောက်လာပါက အဆိုပါ OTP အား ပြန်ပြောပေးရန် ပြောဆို ဆက်သွယ်ကာ လိမ်လည်ခံရမည့်သူထံမှ OTP ရရှိသည်နှင့် KBZ Pay Application တွင် ဖြည့်သွင်း လိုက်ခြင်းအားဖြင့် လိမ်လည်ခံရမည့်သူ၏ KBZ Pay Accountအား လိမ်လည်မည့်သူက အလုံးစုံထိန်းချုပ်ခွင့် ရရှိသွားသည်။

ဆက်လက်၍ လိမ်လည်မည့်သူက လိမ်လည်ခံရမည့်သူအား KBZ Pay နှင့် Bank Account ချိတ်ဆက်ပေးမည်ဟု ပြောဆိုကာ Bank Account ဖွင့်လှစ်ခဲ့သည့် မှတ်ပုံတင်နံပါတ်နှင့် Bank Account နံပါတ်တောင်းခံ၍ KBZ Pay Account ဖြင့် ချိတ်ဆက်ဆောင်ရွက်သည်။ လိမ်လည်မည့်သူသည် KBZ Pay Account Level မြှင့်နေစဉ် လိမ်လည်ခံရမည့်သူအား KBZ Pay သုံးစွဲမှု ရပ်ဆိုင်းထားရန်၊ နှစ်ဦးစလုံး အသုံးပြုပါက KBZ Pay Account ပိတ်သိမ်းခံရနိုင်ကြောင်း ပြောဆို၍ လိမ်လည်ခံရမည့်သူ၏ KBZ Pay Account အတွင်းရှိ ငွေသားများအား လိမ်လည်မည့်သူ၏ ဝယ်ယူထားရှိသည့် သီးခြား KBZ Pay Account များသို့ လွှဲပြောင်းရယူခြင်းဖြစ်သည်။ လိမ်လည်ခံရသူအနေဖြင့် KBZ Pay Account အား ပြန်လည်အသုံးပြုခွင့် ရရှိချိန်မှသာ မိမိအကောင့်အတွင်းမှ ငွေသားများ ဆုံးရှုံးနစ်နာကြောင်း သိရှိကြရသည်။

လိမ်လည်မှု ကျူးလွန်ပုံနည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account ၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များ နှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှုလွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများလိမ်လည် လွှဲပြောင်း ထုတ်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အများပြည်သူများ အနေဖြင့် မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များအား လုံခြုံမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာ လိုအပ်ချက်မှတစ်ပါး Bank Account ဖွင့်လှစ်ရောင်းချခြင်းများ မပြုလုပ်ကြရန် လိုအပ်သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူတရားခံများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် ပူးပေါင်း ပါဝင်ကျူးလွန်သူ တရားခံများကို နိုင်ငံတကာ ရဲအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ တရားဥပဒေအရဖော်ထုတ် ဖမ်းဆီး အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများ အနေဖြင့် ဖော်ပြပါဖြစ်စဉ်ကဲ့သို့ လိမ်လည်ခံရမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အထူးသတိပြုဆောင်ရွက်နိုင်ရေး အသိပေး သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုနေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အားကစားနည်းအလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်ပြီး သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ပြုလုပ်သည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲနှင့် လူရွေးပွဲသို့ လာရောက်ကြည့်ရှုအားပေးသည်။



ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲနှင့် အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် စောအောင်အောင်ချင်း(ဘားအံ-EDC)က ပထမ၊ မောင်လင်းခိုင်(ရန်ကင်း- EDC)က ဒုတိယ၊ မောင်နေလှိုင်ဦး (ထားဝယ်-EDC)က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မဝိုင်းချစ်(စစ်ကိုင်း-EDC) က ပထမ၊ မသန္တာလင်း(ထားဝယ်-EDC) က ဒုတိယ၊ မဆုန်းနမ်ပါရ်(မုံရွာ-EDC) က တတိယရရှိကြသည်။

အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မောင်မျိုးချစ်အောင် (ကျောက်ဖြူ-EDC)က ပထမ၊ မောင်ရာဇာဦး (မန္တလေး-EDC)က ဒုတိယ၊ မောင်ဟိန်းထက်အောင် (ပခုက္ကူ-EDC)က တတိယ ရရှိကြပြီး အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မဖြိုးဖြိုးခိုင်(ထားဝယ်-EDC)က ပထမ၊ မပြည့်ရတနာဖြိုး (မြောင်းမြ) က ဒုတိယ၊ မလှဦး(တောင်ကြီး) က တတိယရရှိကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မောင်မင်းဇင်ဟိန်း(ပုသိမ်-EDC)က ပထမ၊ မောင်မင်းခန့်(မကွေး-EDC)က ဒုတိယ၊ မောင်ရှိုင်းဇော်(မိတ္ထီလာ-EDC)က တတိယရရှိကြပြီး အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး-EDC)က ပထမ၊ မဇူးဇူးအောင် (ဘိုကလေး-EDC)က ဒုတိယ၊ မနန်းမွေဖောင် (လားရှိုး-EDC)တတိယ ရရှိကြသည်။

အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် မအိအိဖြိုး (လားရှိုး-EDC) က ပထမ၊ မဆုပြည့်ပြည့်ဦး (ထားဝယ်-EDC)က ဒုတိယ၊ မအေးအေးမိုး(ဘားအံ-EDC)က တတိယ ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့်အားကစားမောင်မယ်များအား ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်၊ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဒေါ်သူဇာရှိန်၊ ဒေါ်အေးဖြူဇင်တို့က ဆုများချီးမြှင့်ပေးကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံတွင် ကျင်းပသည့် အမျိုးသမီး ဘော်လီဘောပွဲစဉ်နှင့် အမျိုးသား ဘော်လီဘောပွဲစဉ် တတိယနေရာလုပွဲကို လာရောက်ကြည့်ရှုအားပေးသည်။ အမျိုးသမီးပွဲစဉ်တွင် ထားဝယ်ပညာရေးဒီဂရီကောလိပ်အသင်းက ဘိုကလေးပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် လှည်းကူး ပညာရေးဒီဂရီကောလိပ်အသင်းက ပြည်ပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲနှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကာ တတိယရရှိကြသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မကွေးဇုန်အသင်းက မန္တလေးဇုန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ မော်လမြိုင်ဇုန်အသင်းက တောင်ကြီးဇုန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ညနေပိုင်းတွင် အားကစားမောင်မယ်များသည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်းရှိ ရေကူးကန်နှင့် အားကစားလှုပ်ရှားမှုပြခန်းကို သွားရောက်လေ့လာကြသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်း(အမျိုးသား) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အုပ်စုပွဲစဉ်များကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၀ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၂၈၁၀ |
| 95 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၅ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၈၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၉၄ |
| 95 Ron | ၂၀၉၀ | ၂၁၆၆ |
| HSD (500 ppm) | ၂၀၅၈ | ၂၁၂၈ |
| HSD (50 ppm) | ၂၁၃၂ | ၂၂၀၄ |
| HSD (10 ppm) | ၂၁၃၂ | ၂၂၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၇၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၁၉,၁၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

○ ကျောဖုံးမှ

အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျန်းမာရေးအခြေအနေအရ အဝေးရောက်လက်ခံယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇေယျကျော်ထင် ဇော်ဟိန်းတို့က နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့နှင့်အတူ ဂုဏ်ထူးဆောင်ဘွဲ့များအား အဝေးရောက်လက်ခံယူသည့် ကာယကံရှင်မိသားစုဝင်များရှိရာ နေရာများသို့ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် သွားရောက်ပြီး လက်ခံယူသည့် ကာယကံရှင်နှင့် မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

### လက်ရောက်ချီးမြှင့်အပ်နှင်း

ထိုသို့ ပေးအပ်ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇေယျကျော်ထင် ဇော်ဟိန်းတို့က စည်သူဘွဲ့ရရှိကြသူ ဦးဝန် (မင်းသုဝဏ်) (စာရေးဆရာ)နှင့် ဦးလွင်(မွန်ပြည်နယ်) (နိုင်ငံတော်ကောင်စီဝင်)တို့ ကိုယ်စား သား/သမက်ဖြစ်သူ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်ထံ ဂုဏ်ထူးဆောင်ဘွဲ့များကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်လမြိုင်မြို့၌ ပြည်နယ်အဆင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ



မော်လမြိုင် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ်၌ ပြည်နယ်အဆင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော ဗဟုသုတများကို သိရှိပြီး မိမိနေထိုင်ရာ၊ မိမိတာဝန်ကျရာ ဒေသများကို ပြန်လည်ရောက်ရှိသည့်အခါ မိမိဒေသတွင် ဖြစ်ပွားတတ်သည့် ဘေးများကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ကြိုတင်စီမံချက်များ ရေးဆွဲခြင်း၊ ဘေးကင်းစိတ်ချရသည့် အဆောက်အအုံနှင့် နေရာများ ကြိုတင်လေ့လာထားခြင်း၊ ဘေးဖြစ်ပွားစဉ် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှု လျော့ပါးအောင် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် အခြေအနေများကို ကြိုတင်ပြင်ဆင်လေ့လာထားပြီး ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည့်အခါ မိမိတို့ ဆည်းပူးလေ့လာခဲ့သည့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုပညာရပ်များကို ထိရောက်စွာအသုံးချပြီး ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ဘေးအန္တရာယ်များမှ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်နိုင်စေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ လေးရက် ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကြားရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁) ပြန်လည်ဖွင့်လှစ်




တာချီလိတ် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၁)ကို ကိုဗစ်-၁၉ ရောဂါကြောင့် သုံးနှစ်ခန့် ပိတ်ထားရာမှ ယနေ့နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၁)ကို တာချီလိတ်မြို့ဘက်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင် ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ မယ်ဆိုင်မြို့ဘက်တွင် ချင်းရိုင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး နိုင်းဆုမ်ဝမ်ဘွန်လရောင် ဦးဆောင်သောအဖွဲ့ကလည်းကောင်း ယနေ့နံနက်ပိုင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

### ဖြတ်သန်းသွားလာခွင့်ပြု

ချစ်ကြည်ရေးတံတားအမှတ်(၁)မှ ဖြတ်သန်းသွားလာမည့်သူများသည် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (တစ်ခါသုံး)ကို မှတ်ပုံတင်မူရင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးထားပြီးကြောင်း လက်မှတ်ပြသ၍ ငွေကျပ် ၁၀၀၀ ဖြင့် ပြုလုပ်နိုင်သကဲ့သို့ တာချီလိတ်ခရိုင်အတွင်း နေထိုင်သူများအနေဖြင့် တစ်နှစ်စာ နယ်စပ်ဖြတ်သန်းသွားလာခွင့် လက်မှတ်ကို မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးထားပြီးကြောင်းလက်မှတ်နှင့် အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူပြသ၍ ငွေကျပ် ၈၀၀ ဖြင့် ပြုလုပ်နိုင်ကြောင်း၊ ယာဉ်များအနေဖြင့် ကညနရုံးတွင် မှတ်ပုံတင်ထားသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကိုယ်ပိုင်ကား၊ လိုက်ထရပ်၊ ပစ်ကပ်နှင့် မီနီဘတ်စ်ကားများ ဖြတ်သန်းသွားလာနိုင်ပြီး လုပ်ငန်းလိုင်စင်ရှိသော ယာဉ်များအနေဖြင့် တစ်နိုင်တစ်ပိုင် ကုန်စည်သယ်ယူခွင့်ပြုကြောင်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသုံး ယာဉ်ကြီးများသည် ချစ်ကြည်ရေးတံတားအမှတ်(၂) မှသာ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။



အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ် ဦးတည်ချက်(၁၂)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် အလေးထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍတွင် အဓိကကျသည့် ဆန်ဖူလုံရေး၊ ဝါ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို သတ်မှတ်လျာထားဧကအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် အထွက်နှုန်းကောင်းမွန်ရေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ရေရရှိရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒကို လိုက်နာပြီး ပြည်သူများအတွက်အမှန်တကယ် အကျိုးရှိမည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တောင်သူ၊ လုပ်ငန်းရှင်နှင့် ဌာနဆိုင်ရာများက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း စပါး၊ ဝါ၊ ဆီထွက်သီးနှံများ သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးပြီးစီးမှုများ၊ ပန်းတိုင်အထွက်နှုန်း ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ရေရရှိရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများ၊ တက်ရောက်လာကြသူများက မိမိတို့ဌာနများအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။



ယနေ့ နံနက်ပိုင်းပွဲစဉ်အဖြစ်(ခ) အဆင့်ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြုအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပင်းတယမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

ပင်းတယ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ပြင်ကျေးရွာ၌ ဆိုလာရေတင်စနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လယ်ပြင်ကျေးရွာတွင် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး**

အဆိုပါကျေးရွာတွင် ဆိုလာရေတင်စနစ်နှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၇၇၆ သန်းဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ စိုက်ပျိုးမြေဧက ၂၀၀ ကျော်ကို အကျိုးပြုနိုင်ခဲ့ပြီး ယခင်ကထက် စက်သုံးဆီကုန်ကျစရိတ်များ လျော့နည်းသက်သာလာကြောင်း သိရသည်။ ၂၂၂

# မော်လမြိုင်မြို့နယ်၌ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် နံရံကပ်စာစောင်များပြသ

မော်လမြိုင် ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှုအထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်ကို အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက စတင်ပြသဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်၊ အာကာသလွှတ်တင်ရေးစခန်း၊ လေယာဉ်ထုတ်လုပ်ရေးစက်ရုံများ လေ့လာကြည့်ရှုခဲ့သည့်မှတ်တမ်းဓာတ်ပုံများအား ပြသဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ နံရံကပ်ပြဘုတ်တွင် နှစ်နိုင်ငံအစိုးရအကြီးအကဲများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ ၂၀ အား ပြသပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်ထောင်စုလမ်းမကြီး ပုသိမ်(ကံကလေး)-မုံရွာကားလမ်း(၂)

ခရမ်းစိုးမြင့်

ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန ပြည်ခရိုင်မှ တာဝန်ယူဆောင်ရွက်နေသော ပုသိမ် (ကံကလေး)-မုံရွာကားလမ်းသည် ပုသိမ်မှ မုံရွာအထိ ၄၅၀ မိုင် ၅ ဖာလုံရှိသည့်အနက် ပန်းတောင်းမြို့နယ် မိုင်တိုင်အမှတ် ၁၀၂ မိုင် ၃ ဖာလုံရှိ ကျေးတောရွာမှ မိုင်တိုင်အမှတ် ၁၄၅ မိုင် ၇ ဖာလုံရှိ ကျီးပင်ရွာ လမ်းပိုင်းသို့ ကျွန်တော်ရောက်ခဲ့သည်။

**ပုသိမ် (ကံကလေး)-မုံရွာ ပြည်ထောင်စုလမ်းမကြီးဖြတ်သန်းရာ ပြည်ခရိုင်**

ပုသိမ်(ကံကလေး)ကားလမ်းအစ တည်ရှိရာ ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်ပြီးနောက် ပြည်ထောင်စုလမ်းမကြီး ဖြတ်သန်းရာ ပဲခူးတိုင်းဒေသကြီးအတွင်း သွားရောက်ခဲ့ခြင်းလည်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်ဟူ၍ လေးခရိုင်နှင့် မြို့နယ်ပေါင်း ၂၈ မြို့နယ်ရှိရာ ပုသိမ်(ကံကလေး)-မုံရွာ ပြည်ထောင်စုလမ်းမကြီး ဖြတ်သန်းရာ ပြည်ခရိုင်သို့ ကားဖြင့်သွားခဲ့သည်။ ရန်ကုန်-ပြည် ကားလမ်းသည် ဧရာဝတီမက်မြန်မာ ကုမ္ပဏီက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT ယူ၍ ဆောင်ရွက်ထားသောလမ်းဖြစ်၍ လမ်းကျယ်ပြီး ညီညာဖြောင့်ဖြူးလျက်ရှိသဖြင့် ကျွန်တော်တို့ ကားလေးသည် ရန်ကုန်မှ နံနက် ၈ နာရီထွက်ခဲ့ရာ ခြောက်နာရီကြာ မွန်းလွဲ ၂ နာရီတွင် ပြည်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့သည်။ နောက်တစ်နေ့ ဆောက်လုပ်ရေးရိပ်သာကကျွေးသော နံနက် အဆာပြေ ပြည်ပလာတာသုပ်စား၍ ပန်းတောင်း မြို့နယ်အပိုင် ဥသျှစ်ပင်သို့ ပြည်တံတားကြီးကို ဖြတ်၍သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်(ကံကလေး) ပြည်ထောင်စုကားလမ်းမကြီးသည် ဧရာဝတီတိုင်း ဒေသကြီးမှ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီးတို့ကိုဖြတ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအထိ ဖောက်လုပ်ထားပြီး မိုင်အားဖြင့် စုစုပေါင်း ၄၅၀ မိုင် ၅ ဖာလုံရှိသည်။ လမ်းစီမံကိန်းကို ၁၉၆၉ ခုနှစ် ကတည်းက စတင်ရေးဆွဲခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ လ ၁၁ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့ ၂၃ ဖွဲ့၊ ကုမ္ပဏီများမှ ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့ ၁၈ ဖွဲ့၊ လမ်းအရည် အသွေးထိန်းသိမ်းရေးအဖွဲ့ ၁၂ ဖွဲ့တို့ဖြင့် ပုသိမ်မှ မုံရွာအထိ ၄၅၀ မိုင် ၅ ဖာလုံကို ကတ္တရာလမ်း အဆင့်အထိရောက်အောင် တိုးမြှင့်ဆောင်ရွက် ခဲ့ကြောင်းသိရသည်။



ပုသိမ်-မုံရွာကားလမ်း ပဲခူးတိုင်းဒေသကြီးအပိုင်းတွင် ၂၄ ပေ လမ်းချဲ့မြေညှိနေစဉ်။

**နိုင်လွန်ကတ္တရာ AC ဆက်ခင်းသွားမည်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် လမ်းဦးစီးဌာန က တာဝန်ယူဆောင်ရွက်ရသော ၄၃ မိုင် ၄ ဖာလုံ အပိုင်းဖြစ်သည့် ပန်းတောင်းမြို့နယ် ကျေးတောရွာမှ ကျီးပင်ရွာအပိုင်းအား ၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ လမ်းအထူးအဖွဲ့ ၁၅ ဖွဲ့ကလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ယနေ့အထိ ပြည်ခရိုင်လမ်းဦးစီး ဌာနကတာဝန်ယူ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တို့တွင် ၄၃ မိုင် ၄ ဖာလုံ တာဝန်ယူဆောင်ရွက်နေသည့်အနက် ခွင့်ပြု ချက်ဖြင့် ၃ မိုင် ၇ ဒသမ ၅ ဖာလုံကို နိုင်လွန်ကတ္တရာ AC ခင်းနိုင်ခဲ့သည်။ ဘဏ္ဍာငွေခွင့်ပြုချက်ရလျှင် နိုင်လွန်ကတ္တရာ AC ဆက်ခင်းသွားမည်ဟု သိရ သည်။

ဘဏ္ဍာနှစ်အလိုက် အသုံးပြုခဲ့သော ဘဏ္ဍာငွေ စာရင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၅၅၀ ဒသမ ၇၅၀ သန်းဖြင့် နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း ၃ မိုင် ၇ ဒသမ ၅ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၅ မိုင် ၁ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်း ၂၆ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ၁၆ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၂ ဖာလုံအထိ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ သည်။

**အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်**

ပုသိမ်(ကံကလေး)-မုံရွာလမ်း၏ ၂၄ ပေ အကျယ် ကတ္တရာလမ်းဖြစ်ရန် ကျန်ရှိသော ၃၄ မိုင် ၃ ဖာလုံအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁ မိုင် ၄ ဖာလုံ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၁၀ မိုင်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၆ မိုင် ၃ ဒသမ ၅ ဖာလုံတို့ကို နှစ်အလိုက်လျာထားချက်ရေးဆွဲ၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပုသိမ်(ကံကလေး)-မုံရွာလမ်း၏ မိုင် (၁၀၂/၃)သည် ဧရာဝတီတိုင်းဒေသကြီး နှင့်လည်းကောင်း၊ မိုင်(၁၄၅/၇)သည် မကွေးတိုင်း ဒေသကြီးနှင့်လည်းကောင်း၊ မိုင်(၁၂၅/၄) (ဥသျှစ် ပင်လမ်းဆုံ)မှ ရခိုင်ပြည်နယ်သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီး ရှေးဟောင်းသမိုင်းဝင် အကောက်တောင်စေတီတော်မြတ်ကြီးသည် ပုသိမ် (ကံကလေး)-မုံရွာလမ်း မိုင် (၁၁၁/၃)မှ ခွဲထွက်၍ အလွယ်တကူသွားလာနိုင်ပြီဖြစ်ကြောင်း သိရ သည်။ ။

> **“ပုသိမ်(ကံကလေး)-မုံရွာလမ်း၏ မိုင် (၁၀၂/၃) သည် ဧရာဝတီတိုင်းဒေသကြီးနှင့်လည်းကောင်း၊ မိုင် (၁၄၅/၇) သည် မကွေးတိုင်းဒေသကြီးနှင့်လည်းကောင်း၊ မိုင် (၁၂၅/၄) (ဥသျှစ်ပင်လမ်းဆုံ)မှ ရခိုင်ပြည်နယ်သို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီး ရှေးဟောင်းသမိုင်းဝင် အကောက်တောင်စေတီတော်မြတ်ကြီးသည် ပုသိမ် (ကံကလေး)-မုံရွာလမ်း မိုင် (၁၁၁/၃) မှ ခွဲထွက်၍ အလွယ်တကူသွားလာနိုင်ပြီဖြစ်”**



ပုသိမ်-မုံရွာကားလမ်းအား စက်ကြီးများဖြင့် နိုင်လွန်ကတ္တရာခင်းရန် လမ်းချဲ့နေစဉ်။



ပုသိမ်-မုံရွာကားလမ်း ပဲခူးတိုင်းဒေသကြီးအပိုင်း၌ နိုင်လွန်ကတ္တရာ AC ခင်းနေစဉ်။



## နောင်ချိုမြို့နယ်မှ မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်မှု

**နောင်ချို ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မက္ကဒေးမီးယားအပင်သည် ပင်လတ်၊ ပင်ကြီးမျိုးဖြစ်ပြီး မက္ကဒေးမီးယားအပင် စိုက်ပျိုးရာတွင် ကိုင်းဆက်ပင်နှင့် အစေ့စိုက်ပင်ဟူ၍ နှစ်မျိုး စိုက်ပျိုးကြကြောင်း၊ မက္ကဒေးမီးယား စိုက်ပျိုးရာတွင် မြေအမျိုးအစား ရွေးချယ်ရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် အစိုဓာတ်ထိန်းသိမ်းမှုနည်းပါးပြီး သဲဆန်လွန်းသည့် မြေမျိုးမှလွဲ၍ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ရေဝပ်ခြင်းမရှိသော သစ်ဆွေးမြေများ၊ အစိုဓာတ်ထိန်းသိမ်းမှုကောင်းမွန်သည့် မြေမျိုးများတွင် စိုက်ပျိုးကြကြောင်း၊ ရာသီဥတုအားဖြင့် နှစ်စဉ်မိုးရေချိန် လက်မ ၆၀ နှင့်အထက် ရွာသွန်းသော ဒေသများတွင် စိုက်ပျိုးရှင်သန်နိုင်သော်လည်း ပန်းပွင့်ချိန်ကာလဖြစ်သော ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အအေးဓာတ် ၁၄ ဒီဂရီမှ ၁၈ ဒီဂရီအတွင်း ရရှိရန်လိုအပ်ကြောင်းနှင့် အပူပိုင်းဒေသများတွင် အမြင့်ပေ ၁၅၀၀ မှ ၃၀၀၀ အတွင်း ရွေးချယ်စိုက်ပျိုးရန်ဖြစ်ကြောင်း သိရသည်။

မက္ကဒေးမီးယားအပင်၏သီးပွင့်မှုမှာ သဘာဝအားဖြင့် ကိုင်းဆက်အပင်သည် သက်တမ်း လေးနှစ်တွင်လည်းကောင်း၊ အစေ့စိုက်အပင်သည် သက်တမ်း ခြောက်နှစ်တွင်လည်းကောင်း စတင်သီးပွင့်ကြကြောင်း၊ အစိုဓာတ် ကောင်းမွန်သောဒေသများတွင် တစ်နှစ်ပတ်လုံး သီးပွင့်နိုင်ပြီး နှစ်ပေါင်း ၆၀ အထိ နှစ်ရှည်ပင်ဖြစ်၍ စီးပွားရေး တွက်ခြေကိုက်သည့် အထွက်နှုန်းရရှိနိုင်ပြီး နှစ်ပေါင်း ၁၀၀ အထိ သီးပွင့်နိုင်ကြောင်း၊ ကိုင်းဆက်အပင် စိုက်ပျိုးခြင်းသည် အသီးသီးရန် ပို၍မြန်ကြောင်း သိရသည်။

မက္ကဒေးမီးယားအပင်ကို ၁၉၈၂-၁၉၈၃ ခုနှစ်မှစတင်၍ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် စမ်းသပ်စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်တွင် မက္ကဒေးမီးယားအပင် စိုက်ပျိုးဧက ၁၃၀၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်တန်မှ ၁ ဒသမ ၅ တန်အထိ ထွက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် မြန်မာပြည်အနှံ့အပြားနှင့် နိုင်ငံခြားသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ

**ကော့သောင်း ဖေဖော်ဝါရီ ၂၀**

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမုတ်၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၁၀၆၅၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၈၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၃ သန်းရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၂၆ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ အုန်းဖက်တီးအက်စစ်၊ ဓနိအုန်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ အနံ့ရည်၊ ဆား၊ ရေခဲပုံး၊ ဆီလီကွန်၊ မီးသွေးမှုန့်၊ ထုံးမှုန့်၊ ကုန်စုံနှင့် ဘက်ထရီတို့ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၉၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ကျပ်ခန့်ဖြစ်သဖြင့် ယခင်အပတ်ထက် တစ်ကျပ်ကျဆင်းသွားကြောင်း သိရသည်။

## ပြည်ဈေးကွက်တွင် မြေပဲဆန်နှင့် မြေပဲဆီဈေးနှုန်း အနည်းငယ်မြင့်တက်

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ ယခုဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရွှေတောင် (ကျွန်းတဲ)၊ ကံမနှင့် မင်းတုန်းဘက်မှ မြေပဲဆန်များ နေ့စဉ်ဝင်ရောက်မှုမရှိဘဲ ရက်ခြားသာ ဝင်ရောက်မှုရှိပြီး တစ်ကြိမ်ဝင်ရောက်လျှင် အိတ် ၂၀၀၀ ခန့် ဝင်ရောက်မှုရှိပြီး ဝင်ရောက်လာသည့် မြေပဲဆန်များကို ဒေသတွင်း ဆီစက်လုပ်ငန်းရှင်နှင့် ပဲကြော်ဖိုသမားများက အဝယ်ရှိသည့်အပြင် အညာဒေသဖြစ်သော မကွေး၊ မြင်းခြံ၊ ပခုက္ကူနှင့် မန္တလေးဘက်မှလည်း ဝယ်ယူမှုရှိသဖြင့် ဝင်သလောက်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ မြေပဲဆန် ဝယ်လိုအားကောင်းလာသဖြင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ယခုအပတ်၌ မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀၊ (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ခန့် ဈေးမြင့်တက်လာခဲ့ကြောင်း၊ ထို့အတူ မြေပဲလုံးဆန် ဈေးနှုန်းမှာ (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀၊(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀ ဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၅၀၀ ခန့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် မြေပဲဆီဈေးနှုန်းလည်း မြင့်တက်လာခဲ့ရာ မြေပဲဆီဈေးမှာ ယခုအပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဈေးနှုန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ယခင်လ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ဈေးရှိခဲ့ရာ ယခင်လနှင့် ယခုလ နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့် ဈေးနှုန်း အနည်းငယ်မြင့်တက်လာခဲ့ကြောင်း သိရသည်။



## မောတောင်ကုန်သွယ်ရေးစခန်းမှ ငါးသေတ္တာဘူးခွံများ တင်သွင်း

**မြိတ် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသရှိ စက်ရုံများမှ ငါးသေတ္တာဘူးခွံများ ထုတ်လုပ်လျက်ရှိရာ ငါးသေတ္တာဘူးခွံ လိုအပ်ချက်မှာလည်း နေ့စဉ် မြင့်မားလာသည်။ အခြေခံအားဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ငါးသေတ္တာဘူးခွံများကို အသုံးပြုကြသော်လည်း လိုအပ်ချက်များသည့် အချိန်များတွင် ပြည်ပမှ မှာယူတင်သွင်းကြကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးမှလည်း ငါးသေတ္တာဘူးခွံများ ထိုင်းနိုင်ငံမှ မှာယူပြီးတင်သွင်းလျက်ရှိရာ လက်ရှိတွင် တစ်ပတ်လျှင် ငါးသေတ္တာဘူးခွံအလုံးရေ ၁၀၀၀၀၀ မှ ၁၅၀၀၀၀ အကြား တင်သွင်းနေရပြီး လက်ရှိပေါက်ဈေးအနေဖြင့် ဘူးခွံ တစ်ဘူးလျှင် သုည ဒသမ ၃၅ ဘတ် ပေါက်ဈေးရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၀ ရက် ပြင်ပငွေလဲနှုန်းမှာ ငွေကျပ် တစ်သိန်းလျှင် ၁၁၇၆ ဘတ်၊ တစ်ဘတ်လျှင် ငွေကျပ် ၈၅ ကျပ်ခန့်ရှိကြောင်းနှင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဘတ်ဈေးအနည်းငယ် ကျဆင်းနေကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား / ကူးသန်း**

## ၂၀-၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) ညှိမထ | ဆန်(တစ်ပြည်) ငစိန် | ဆီ(တစ်ပိဿာ) ပဲဆီ | ဆီ(တစ်ပိဿာ) စားအုန်းဆီ | စားဖိုဆောင်သုံး (တစ်ပိဿာ) ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | အသား၊ ငါး(တစ်ပိဿာ) ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၅၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၀၀၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၈၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၇၀၀ | | ၁၆၀၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၄၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၅၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၇၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၃၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၀၀ | ၇၀၀၀ | ၄၇၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၉၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၅၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၄၅၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၅၀၀ | ၁၉၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၉၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၄၈၀၀၀ |
| ၉ | မြိတ် | ၂၄၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၁၈၀၀ | ၆၄၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၈၀၀ | ၆၇၀၀ | ၅၃၀၀ | ၅၀၀၀ | ၂၉၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၄၂၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၃၀၀၀ | ၁၇၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၈၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၄၀၀ | ၂၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၉၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၄၀၀ | ၆၄၀၀ | ၄၅၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၅၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၅၅၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၅၈၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၃၀၀ | ၂၅၀၀၀ | ၁၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၁၉ | ပဲခူး | ၂၃၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၅၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၄၆၀၀ | ၄၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၅၆၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၄၈၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၆၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၅၆၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၄၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) ညှိမထဆန် တစ်ပြည်လျှင် မုံရွာနှင့် မကွေးတွင် ၁၀၀ကျပ်၊ မန္တလေး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ မကွေး ၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၂၀၀ကျပ် ၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ် ၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၂၀၀ကျပ် ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၂၀၀ကျပ် ၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ကျိုင်းတုံတွင် ၃၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် မုံရွာတွင် ၂၀၀ကျပ်၊ ကျိုင်းတုံနှင့် တောင်ကြီးတွင် ၅၀၀ကျပ်၊ ကလေးတွင် ၇၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မုံရွာတွင် ၄၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ် ဈေးကျခဲ့ပါသည်။

# လူငယ်စကားဝိုင်းဆီမှ အတွေးစတစ်မျှင်

လွန်းပိုးအိမ်

## လူငယ်စကားဝိုင်း

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ကျင်းပပြုလုပ်ခဲ့သည်။

လူငယ်စကားဝိုင်းဆိုသည့် အသုံးအနှုန်းလေးကို စာရေးသူကြိုက်နှစ်သက်ခဲ့၏။ အနာဂတ်လူငယ်များသည် တိုင်းပြည်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ရာ အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်နေခြင်းဖြစ်သည်။

## လူထုအခြေပြုဗဟိုဌာနမှသည် လူငယ်စကားဝိုင်းများဆီသို့

ယနေ့အချိန်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို ပြည်သူများ အမှန်တကယ်ရင်းနှီးကျွမ်းဝင်ပြီး ဝင်ထွက်သွားလာနိုင်သည့် နေရာများအဖြစ်လည်းကောင်း၊ ပြည်သူများ အသိပညာဆည်းပူးရာနေရာ၊ သတင်းအချက်အလက်ရယူရာနေရာများအဖြစ်လည်းကောင်း ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာနများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ပြီးသည့် လူထုအခြေပြုဗဟိုဌာနများတွင် အသိပညာပေးလုပ်ငန်းများဖြစ်သည့် စာဖတ်ဝိုင်းများ၊ ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ ပြပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ စသည်တို့ကိုပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

## လူငယ်များအတွက် စကားဝိုင်း

လူငယ်စကားဝိုင်းများသည် အနာဂတ်မျိုးဆက်လူငယ်များအတွက် အခြေခံအခွင့်အလမ်းကောင်းများ၊ လူငယ်များ၏ အိပ်မက်များနှင့် ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အကောင်အထည်ဖော်ရင်ဆိုင်ကျော်လွှားနိုင်မည့်လမ်းစများ ဖွင့်လှစ်လုပ်ဆောင်နေခြင်းဟု ထင်မြင်ယူဆပါသည်။ လူငယ်စကားဝိုင်းများကျင်းပခဲ့မှုနှင့် ပတ်သက်၍ စေ့ငုကြည့်ခဲ့ရာ ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် လူငယ်စကားဝိုင်းများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း မှတ်မိနေပါသည်။




## တိုင်းပြည်အနာဂတ်

ယခုကဲ့သို့ လူငယ်များနှင့်ပတ်သက်သည့် လူငယ်စကားဝိုင်းများ ကျင်းပနေသည့်သတင်းမြင်ကွင်းများကို ကြားသိမြင်တွေ့ရသည့် ပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ လူငယ်လူရွယ်များအနေဖြင့် လူငယ်စကားဝိုင်းမှထွက်ပေါ်လာသည့်စကားသံများကို ကျေနပ်အားရလိမ့်မည်ဟု ယုံကြည်မိသည်။ လူငယ်စကားဝိုင်းမှ ထွက်ပေါ်လာသည့် ဆွေးနွေးချက်များ၊ သုံးသပ်ချက်များသည် လူငယ်ထု၏ အနာဂတ်ပုံရိပ်ကို ပိုမိုလှပတောက်ပြောင်လာအောင် ခြယ်မှုန်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏စွမ်းအား၊ နိုင်ငံ၏အရင်းအမြစ်များပင်ဖြစ်သည်။ မိမိတို့၏နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် လူငယ်များ၏အခန်းကဏ္ဍ၊ လူငယ်များ၏စွမ်းအား၊ လူငယ်များ၏စိတ်ဓာတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။ တိုင်းပြည်၏အနာဂတ်သည် ယနေ့လူငယ်များအပေါ်တွင် တည်မှီနေပေသည်။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံအတွက် ကြီးမားလှသည့် စွမ်းအားအရင်းအမြစ်များဖြစ်သည်သာမက မိမိတို့၏နိုင်ငံတော်၊ မိမိတို့၏ ပြည်ထောင်စုကို လူငယ်များက လက်ဆင့်ကမ်းလွှဲပြောင်းရယူကာ ဆက်လက်တည်ဆောက်သွားကြရမည်ဖြစ်သည်။ ယနေ့ ၂၁ ရာစု အသိပညာခေတ် စိန်ခေါ်မှုများကို အသိပညာနှင့်ပြည့်စုံသော လူ့အဖွဲ့အစည်းနှင့် ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအတွက် အဆင်သင့်ဖြစ်နေစေရန် တည်ဆောက်နေကြရမည်ဖြစ်သည်။

## အနာဂတ်ကောင်းများတည်ဆောက်

ယနေ့အချိန်အခါတွင် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးအတွက် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်သည်ကို ဝမ်းမြောက်ကြည်နူးစွာတွေ့မြင်ရပေသည်။ နိုင်ငံ၏ ကဏ္ဍပေါင်းစုံတွင် လူငယ်များ ပါဝင်နိုင်စေရန် နိုင်ငံတော်က လက်တွဲခေါ်၍ ပျိုးထောင်လျက်ရှိပေသည်။ အတွေးအခေါ်မှန်ကန်၍ အသိပညာ၊ အတတ်ပညာထူးချွန်သည့်လူငယ်များဖြင့် နိုင်ငံကို တည်ဆောက်ကြရမည်ဖြစ်သည်။ ယနေ့လူငယ်များသည် စွမ်းအားရှိသည်။ ရည်မှန်းချက်ရှိသည်။ ယုံကြည်ချက်ရှိသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးများပင်တည်း။ ထို့ကြောင့် လူကြီးများက လူငယ်များအတွက် အခြေအနေကောင်းများ၊ မိတ်ဆွေကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးတည်ဆောက်ပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် လူငယ်များအတွက် ကြီးမားသည့်အနာဂတ်ကောင်းများရှိလာအောင် ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးကို ကြည့်မည်ဆိုပါက မိမိတို့၏ အနာဂတ်လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးသာယာလှပစေရေးအတွက် အနာဂတ်၏မျိုးဆက်သစ်များကို Social Capital ဟုခေါ်သည့် လူမှုအရင်းအမြစ်များနှင့် Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းအမြစ်များကို အပြိုင်အဆိုင်စိုက်ထုတ်ကာ ပြုစုပျိုးထောင်နေသည်ကို တွေ့မြင်ရသည်။

## စကားဝိုင်း၏အနှစ်သာရ

လူငယ်စကားဝိုင်းများ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ အသိဉာဏ်ပညာဗဟုသုတများ ပိုမိုရရှိစေရန်၊ စကားပြောအတတ်ပညာကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်စေရန်၊ လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာများဖလှယ်ကြရာမှ အတွေ့အကြုံသစ်များ ရရှိစေရန်၊ လူငယ်အချင်းချင်းရင်းနှီးချစ်ကြည်မှုများ တိုးပွားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ကြစေရန်တို့ပင်ဖြစ်သည်။

## ကောင်းမွန်သည့်အနာဂတ်နှင့် လူငယ်ထု

ယနေ့လူငယ်များသည် ကံကောင်းကြပါသည်။ အခွင့်အလမ်းများ၊ ပွင့်လန်းနေကြပါပြီ။ လူငယ်စကားဝိုင်းဆွေးနွေးပွဲများတွင် လူငယ်များ ပါဝင်တက်ရောက်ခွင့်၊ ပြောဆိုဆွေးနွေးခွင့်၊ တင်ပြခွင့်များ ရရှိလာပါပြီ။ လူငယ်များအနေဖြင့် နားထောင်၊ ဆွေးနွေး၊ ပြောဆို၊ တင်ပြရဲဖို့လိုပါသည်။ မိမိတို့ရှေ့တွင် ရောက်ရှိနေသောအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပိုင်ဆိုင်နိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။

ဆိုရပါလျှင် ယနေ့လူငယ်များအနေဖြင့် မိမိတို့၏မျှော်မှန်းချက်၊ မိမိတို့၏အနာဂတ်နှင့် မိမိတို့လူငယ်ထုအတွင်း ကြုံတွေ့နေရသည့်ပြဿနာနှင့်စိန်ခေါ်မှုများကို လူငယ်စကားဝိုင်းမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသိရှိအောင် တင်ပြဆွေးနွေးပြောဆိုခြင်းဖြင့် နောင်ကာလတွင် လူငယ်များအတွက် ကောင်းမွန်လှပသည့်အနာဂတ်ကို မလွဲမသွေပိုင်ဆိုင်နိုင်ကြမည်ဟု တွေးမိရင်း တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခွင့်ရသူတစ်ဦးအနေဖြင့် နှစ်သက်ကြည်နူးနေမိပါတော့သည်။ ။

> **“ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏စွမ်းအား၊ နိုင်ငံ၏အရင်းအမြစ်များပင်ဖြစ်သည်။ မိမိတို့၏နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် လူငယ်များ၏အခန်းကဏ္ဍ၊ လူငယ်များ၏စွမ်းအား၊ လူငယ်များ၏စိတ်ဓာတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။ တိုင်းပြည်၏အနာဂတ်သည် ယနေ့လူငယ်များအပေါ်တွင် တည်မှီနေ ”**

# ဖလမ်းမြို့၌ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ



ဖလမ်း ဖေဖော်ဝါရီ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့၌ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ချင်းပြည်နယ်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ရဲမြင့်အောင်**

■

# မိုးညိုမြို့နယ်တွင် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့



မိုးညို ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ၁၀ ရွာတို့တွင် လေဘေးသင့်ပြည်သူများအား မြို့နယ်မှ တာဝန်ရှိသူများက အမြန်ဆုံးသွားရောက်၍ ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု ၁၈၇ စုမှ လူဦးရေ ၆၇၈ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ထောက်ပံ့ငွေကျပ် ၁၄၂၈၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၈၄၃၅၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၈၅၈၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများပါဝင်သည့် ပလတ်စတစ်ပုံး ၄၉ ပုံးအား ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်အတူ လေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်တံတားမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေး

ကျောက်တံတား ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပပက ကလေးအလုပ်သမား အဓိပ္ပာယ်၊ ကလေးအလုပ်သမားများ အရွယ်မတိုင်မီ လုပ်ငန်းခွင်ထဲသို့ရောက်ရှိရသည့် အကြောင်းရင်းများ၊ ဦးစီးဌာနအနေဖြင့် ကာကွယ်ပေးမှုအခြေအနေများ၊ စည်းကျပ်ရသည့်ဥပဒေများနှင့် မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက ကလေး၏ အသက်အရွယ်အပိုင်းအခြား၊ လက်ရှိ ကလေးငယ်များ အလုပ်လုပ်နေရပုံ၊ ကလေးငယ်အခွင့်အရေး ဆုံးရှုံးနေရမှုအချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်နေသည့်အချက်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

**❂ ကာဒစ်ဖ်အသင်းမှ**

ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ သူ့ရဲ့ ပထမဆုံးစပိန်လာလီဂါပွဲစဉ် ၁၉ ပွဲမှာ သွင်းဂိုး ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပြီးဖြစ်ပြီး ပထမဆုံးစပိန်လာလီဂါပွဲစဉ် ၁၉ ပွဲမှာ သွင်းဂိုး ၁၇ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး တိုက်စစ်မှူးကတော့ စီရိုနယ်လ်ဒိုဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ပထမဆုံး လာလီဂါပွဲစဉ် ၁၉ ပွဲမှာ သွင်းဂိုး ၁၇ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ကာဒစ်ဖ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ခုနစ်ပွဲဆက်တိုက်နဲ့ ပြိုင်ပွဲစုံ ၁၃ ပွဲမှာ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ကာဒစ်ဖ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၂၂ ကစားပြီးချိန်မှာ ရမှတ် ၅၉ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီး ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းက ရမှတ် ၅၁ မှတ် ရရှိထားတာဖြစ်ပါတယ်။

အခြားသော ပွဲစဉ်တွေမှာတော့ အက်စ်ပန်ညိုအသင်းက အဲချီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘီဘာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိသဖြင့် အနိုင်ရရှိခဲ့ပြီး ဗယ်လက်ကာနိုအသင်းနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်မှာတော့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## သွေးသည် အသက်

### ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၅)G 8.B မှ မယွန်းဝတီခင်၏ ဖခင်အမည်မှန်မှာ ဦးဝဏ္ဏ [၁၂/လမန(နိုင်)၀၀၆၂၁၄] ဖြစ်ပါကြောင်း။

**ဦးဝဏ္ဏ**

**❃ မြန်မာ့လက်ရွေးစင်မှ**

